# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၂၅)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်
## (၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၂၅) ရက်မြောက်နေ့ အစီအစဥ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၄၃၁ ဦးရှိတဲ့အနက် ၃၉၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေစုစုပေါင်းရဲ့ ၉၃.၃၄ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၅) ရက်မြောက်နေ့ ၁၃-၈-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော်ဦးအေးမြင့်မှ စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်တွင် တက်ရောက်ခွင့်ရှိသောကိုယ်စားလှယ် ၄၃၁ ဦးရှိပြီး ယခင် ခွင့်ပန်ကြားသူ ၅ ဦးရှိပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၂၈ ဦးရှိ၍ စုစုပေါင်းကိုယ်စားလှယ် ၃၃ ဦး ခွင့်တိုင်ကြားထားပါတယ်။ ယနေ့ ခွင့်တိုင်ကြားသူ ၂၈ ဦးတွင် ကျန်းမာရေးမကောင်းခြင်းနှင့် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရှိပါသဖြင့် ခွင့် ၁ ရက်အဖြစ်တိုင်ကြားသူကိုယ်စားလှယ် ၃ ဦး၊ ခွင့် ၂ ရက်အဖြစ်တိုင်ကြားသူကိုယ်စားလှယ် ၆ ဦး၊ ခွင့် ၃ ရက်အဖြစ်တိုင်ကြားသူကိုယ်စားလှယ် ၃ ဦး၊ ခွင့် ၅

ရက်အဖြစ်တိုင်ကြားသူကိုယ်စားလှယ် ၉ ဦး၊ ခွင့် ၉ ရက်တိုင်ထားသူကိုယ်စားလှယ် ၁ ဦးနှင့် ပြည်ပခရီးသို့ ချစ်ကြည်ရေးသွားရောက်ရန်အတွက် ခွင့် ၁၂ ရက်တိုင်ကြားသူကိုယ်စားလှယ် ၁၂ ဦး စုစုပေါင်း ၂၈ ဦးရှိပါတယ်။ ကိုယ်စားလှယ် ၂၈ ဦးစာရင်းမှာအောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့်၊

(၂) ဒိုက်ဦးဆန္ဒနယ်မှ ဦးမင်းဆွေ၊

(၃) ကိုကိုးကျွန်းမဲဆန္ဒနယ်မှ ဦးအေးဖေ၊

(၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး မြင့်ကိုကို၊

(၅) ပြည်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်၊

(၆) ပဲခူးမဲဆန္ဒနယ်မှ ဦးကြင်သိန်း၊

(၇) မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းစောတင်၊

(၈) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်၊

(၉) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ၊

(၁၀) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး၊

(၁၁) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း၊

(၁၂) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း၊

(၁၃) ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်၊

(၁၄) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း၊

(၁၅) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ်၊

(၁၆) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်၊

(၁၇) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်၊

(၁၈) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၊

(၁၉) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊

(၂၀) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း၊

(၂၁) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို၊

(၂၂) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို၊

(၂၃) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်၊

(၂၄) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း၊

(၂၅) တောင်ငူမဲဆန္ဒနယ် ဦးအောင်စိုးမြင့်၊

(၂၆) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး၊

(၂၇) မင်္ဂလာဒုံမဲဆန္ဒနယ်မှ ဦးတင်မောင်ဝင်း၊

(၂၈) မောင်တောမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင်(ခ) ဦးဇော်ကိရ်အာမတ်တို့သည် ခွင့်အသီးသီးတင်ပြလာပါသည်။

အထက်ပါ ကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များအား ခွင့်အဖြစ်ခွင့်ပြုပေးပါရန် လေးစားစွာပန်ကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၅ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၃၃ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများ၊ အလုပ်ဌာနများ၊ ကုမ္ပဏီများ၊ ဈေးကြီးများအတွင်းရှိ အလုပ်သမားများနှင့် ပျံကျအလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိစေခြင်းတို့ကို သက်ဆိုင်ရာဌာနမှ နည်းလမ်းရှာဖွေဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လူမှုဖူလုံရေးကိစ္စနှင့် ပတ်သက်၍ မေးမြန်းမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ကြီးသည် နိုင်ငံတော်အတွင်းရှိ လူမှုဖူလုံရေးရန်ပုံငွေ ထည့်ဝင်ထားသော အလုပ်သမားများအား အခမဲ့ဆေးကုသခွင့်၊ ရက်ရှည် ဆေးကုသခံယူရသူများတို့၏ လုပ်ခလစာများကိုလည်း သတ်မှတ်သောနှုန်းထားဖြင့် ခံစားခွင့်ရှိကြောင်း သိရှိရပါသည်။ အလုပ်သမားများအတွက် အလွန်ကောင်းမွန်သော ဆောင်ရွက်ပေးမှုဖြစ်ကြောင်း သိရှိရပါတယ်။ အဆိုပါ အခမဲ့ဆေးကုသခွင့် အစီအစဉ်သည် ယနေ့ အလုပ်သမားအားလုံး ခံစားခွင့်ရရှိနေခြင်း ရှိ၊ မရှိ ကိစ္စနှင့်စပ်လျဉ်း၍ အောက်ပါမေးခွန်းများကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

(၁) ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ဆိုင်များ၊ စက်ရုံများ၊ အလုပ်ဌာနများ၊ ကုမ္ပဏီများ၊ ဆူပါမားကက်များ၊ ဈေးကြီးများ အတွင်းရှိ အလုပ်သမားများသည် လူမှုဖူလုံရေးအဖွဲ့သို့ ရန်ပုံငွေ ထည့်ဝင်ပြီး လူမှုဖူလုံရေးအကျိုးခံစားခွင့်များ ရရှိခြင်း ရှိ၊ မရှိ။

(၂) အထူးသဖြင့် ပန်းဘဲတန်းမြို့နယ် အတွင်းမှာရှိတဲ့ ဈေးရုံကြီးများဖြစ်ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗိုလ်ချုပ်ဈေးသစ်၊ သိမ်ကြီးဈေး အေရုံ၊ ဘီရုံ၊ စီရုံ၊ ဒီရုံ၊ အီးရုံများမှ အလုပ်သမားများကို လူမှုဖူလုံရေးအဖွဲ့ဝင်အဖြစ် သက်ဆိုင်ရာမှ ဆောင်ရွက်ခြင်းရှိ၊ မရှိနှင့် ရှိပါက အဖွဲ့ဝင်အလုပ်သမားဦးရေ ရရှိမှုအခြေအနေကို သိလိုပါတယ်။

(၃) ပန်းဘဲတန်းမြို့နယ်နှင့် လသာမြို့နယ်တို့အတွက် လူမှုဖူလုံရေးဆေးခန်းကို သက်ဆိုင်ရာမြို့နယ်အတွင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့်

(၄) လူမှုဖူလုံရေးကြေး ထည့်ဝင်ရာမှာ အလုပ်သမားရော ၄င်းရဲ့ အလုပ်ရှင်ကပါ ရရှိသော လစာပေါ် မူတည်ပြီးတော့ အချိုးကျထည့်ဝင်ရတာဖြစ်ပါတယ်။ အလုပ်ရှင်အတိအကျမရှိတဲ့ ပျံကျ အလုပ်သမားများသည်လည်း အလုပ်သမားများသာ ဖြစ်ပါတယ်။ ဒါကြောင့် ၄င်းတို့အတွက် လူမှုဖူလုံ ရေးအကျိုးခံစားခွင့်ရရှိရန် သက်ဆိုင်ရာဌာနမှ နည်းလမ်းရှာဖွေ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြင့်သိန်း(ဒုတိယဝန်ကြီး၊ အလုပ်သမားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန် ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ အလုပ်သမားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမြင့်သိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ မေးခွန်းနှင့်ပတ်သက်ပြီးတော့ ပြန်လည်ဆွေးနွေးတင်ပြလိုပါတယ်။ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ အလုပ်သမားအနည်းဆုံး ၅ ဦးနှင့် အထက်လုပ်ကိုင်နေသော လုပ်ငန်းဌာနများဖြစ်တဲ့ စက်မှုလက်မှုအလုပ်ဌာနများ၊ ဆိုင်များ၊ ကုန်သွယ်အလုပ်ဌာနများ၊ အများ ပျော်ရွှင်ရေးအလုပ်ဌာနများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ သတ္တုတွင်းလုပ်ငန်းများ၊ ရေနံမြေ များရှိ အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများ၊ လူမှုဖူလုံရေး ငွေကြေးအကျိုးခံစား ခွင့်များ ခံစားရရှိနိုင်ရေးအတွက် လူမှုဖူလုံရေးအဖွဲ့သို့ သက်ဆိုင်ရာ လုပ်ငန်းရှင်များက လာရောက် မှတ်ပုံတင်ရန် လိုအပ်ပါတယ်။ ထိုကဲ့သို့ လာရောက်မှတ်ပုံတင်သော အလုပ်ဌာနများရှိ အလုပ်သမား အားလုံးသည် အဆိုပါအကျိုးခံစားခွင့်များ ရရှိလျက်ရှိကြပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ လူမှုဖူလုံရေးနှင့် အကျုံးဝင်မှတ်ပုံတင်ထားသော အလုပ်သမား ၆ သိန်းခန့် ရှိသည့်အနက် သုံးသိန်းခွဲ ခန့်ဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆိုင်များ၊ စက်ရုံများ၊ အလုပ်ဌာနများ၊ ကုမ္ပဏီများ၊ ဆူပါမားကက်များ၊ ဈေးကြီးများအတွင်းရှိ အလုပ်သမားများ ဖြစ်ကြပါတယ်။ ထိုအလုပ်ဌာနများဟာ လူမှုဖူလုံရေးအဖွဲ့သို့ လာရောက်မှတ်ပုံတင်ထားရှိပြီး လူမှုဖူလုံရေး ထည့်ဝင်ကြေးပေးသွင်းထား တဲ့အတွက် ထိုဌာနများရှိ အလုပ်သမားများဟာ လူမှုဖူလုံရေး အကျိုးခံစားခွင့်များကို ရရှိခံစားနေကြရ ပါတယ်။ ပန်းဘဲတန်းမြို့နယ်မှာရှိသော ဈေးကြီးများဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ဗိုလ်ချုပ် ဈေးသစ်၊ သိမ်ကြီးဈေး အေရုံ၊ ဘီရုံ၊ စီရုံ၊ ဒီရုံနှင့် အီးရုံများရှိ အလုပ်သမားဦးရေ ၅ ဦးနှင့်အထက်

အလုပ်လုပ်ကိုင်နေတဲ့ အလုပ်ဌာန ၂၉ ဌာနအား အကျုံးဝင် မှတ်ပုံတင်ထားပြီး ၎င်းဌာနများမှ အလုပ်သမား ၄၀၄ ဦးအား အာမခံထားပြီး ဖြစ်ပါတယ်။ အကယ်၍ အလုပ်သမား ၅ ဦးနှင့်အထက် အလုပ်လုပ်ကိုင်သော အလုပ်ဌာနများ ဖြစ်ပါက ၎င်းဌာနမှ အလုပ်ရှင်များသည် ကျောက်တံတား မြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အမှတ် ၃၂၇/၃၆၇ ရှိ လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲ ၄ သို့ အလုပ်ရှင်များမှ ဥပဒေများနှင့်အညီ လာရောက်မှတ်ပုံတင်ဖို့ လိုအပ်ပါတယ်။ ထို့အပြင် အကျုံးဝင်မှတ်ပုံတင်ရမည့် အလုပ်ဌာနများအား အကျုံးဝင်မှတ်ပုံတင်ခြင်းမရှိဘဲ ကျန်ရှိနေခြင်း မရှိစေဖို့ ရုံးခွဲရှိ စစ်ဆေးရေးမှူး များက ပုံမှန်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါတယ်။ လူမှုဖူလုံရေးအဖွဲ့အနေဖြင့် အလုပ်ရှင် များက အကျုံးဝင်မှတ်ပုံတင်ထားရှိမှသာလျှင် ထိုဌာနများရှိ အလုပ်သမားများအတွက် အကျိုးခံစားခွင့် များကို ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။ ပန်းဘဲတန်းမြို့နယ်နှင့် လသာမြို့နယ်များရှိ အလုပ်ဌာနများ မှ အလုပ်သမားများအား ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အမှတ် ၃၂၇/၃၆၇ ရှိ လူမှုဖူလုံရေးအဖွဲ့ရုံးခွဲ ၄ တွင် အာမခံထားရှိ၍ ထည့်ဝင်ကြေး ပေးသွင်းထားသော်လည်း ၎င်း အလုပ်သမားများ နေထိုင်ရာလိပ်စာအပေါ် မူတည်၍ ရန်ကုန်မြို့ရှိ အနီးစပ်ဆုံး လူမှုဖူလုံရေးဆေးခန်း များတွင် ဆေးကုသမှုခံယူခွင့်ရှိပြီး အကျိုးခံစားခွင့်ကို မိမိတို့ ထည့်ဝင်ကြေးပေးသွင်းထားတဲ့ လူမှုဖူလုံရေးရုံးခွဲ ၄ တွင် အကျိုးခံစားခွင့် ထုတ်ယူရမှာ ဖြစ်ပါတယ်။ အလားတူ ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မည်သည့်လူမှုဖူလုံရေးရုံးတွင်မဆို အကျုံးဝင်မှတ်ပုံတင်ထားပြီး ပန်းဘဲတန်း မြို့နယ်နှင့် လသာမြို့နယ်များတွင် နေထိုင်သော အာမခံအလုပ်သမားများအတွက် လက်ရှိအခြေအနေ တွင် အလုံ သခင်မြပန်းခြံအနီးရှိ လူမှုဖူလုံရေးဆေးခန်းတွင် ဆေးကုသခွင့်ရှိပြီး အကျိုးခံစားခွင့်များကို ထည့်ဝင်ကြေးပေးသွင်းထားတဲ့ သက်ဆိုင်ရာ ရုံးခွဲများမှ စိစစ်ထုတ်ပေးလျက်ရှိပါတယ်။ မကြာမီ ပြည်ထောင်စုလွှတ်တော်တွင် လက်ခံစဉ်းစားနေတဲ့ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေကို စတင် အကောင်အထည်ဖော်ပြီးနောက် အာမခံအလုပ်သမား ဦးရေများပြားလာပါက မြို့နယ်များအလိုက် လူမှုဖူလုံရေးဆေးခန်းများထားရှိခြင်း၊ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများဖြင့် စာချုပ်ချုပ်ဆိုခြင်းများ ပြုလုပ်၍ ကျန်းမာရေးစောင့်ရှောက်မှုများကို တိုးချဲ့ဆောင်ရွက်သွားရန် စီစဉ်ထားရှိပါတယ်။ အလုပ်ရှင် အတိအကျမရှိသော ပျံ့ကျဲအလုပ်သမားများဟာ လက်ရှိ ၁၉၅၄ ခုနှစ် လူမှုဖူလုံရေးဥပဒေ အရ လူမှုဖူလုံရေးစီမံကိန်းနှင့် အကျုံးမဝင်သေးသော်လည်း မကြာမီပြဋ္ဌာန်းမည့် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေသစ်မှာ မှတ်ပုံမတင်မနေရ ပြဋ္ဌာန်းချက်ပါရှိပါတယ်။ ယင်းပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိသော အလုပ်သမားအမျိုးအစားများတွင်ပါဝင်သည့် အလုပ်ရှင် အတိအကျမရှိသော

ပုံကျအလုပ်သမားများဟာ အလုပ်ရှင်မရှိသော်လည်း မိမိတို့ရဲ့ ဆန္ဒအလျောက် မှတ်ပုံတင်နိုင်ပြီး အလုပ်ရှင်၊ အလုပ်သမား ထည့်ဝင်ကြေးများကို မိမိကိုယ်တိုင်ပေးသွင်း၍ အာမခံထားရှိလျှင် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များကို ခံစားခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္လာနေ့ဟာ သာမန်အားဖြင့် ကျွန်တော်တင်ပြခဲ့တဲ့အတိုင်း နေ့လယ် မွန်းလွဲ ၁၃း၀၀ နာရီမှာမှ လွှတ်တော်အစည်းအဝေး ကျင်းပဖို့ ဖြစ်ကြောင်းနှင့် နံနက် ၉း၃၀ ကနေပြီးတော့ ၁၂း၃၀ အထိ ကော်မတီများ၏ အစည်းအဝေးများ ဆောင်ရွက်ဖို့ သတ်မှတ်ခဲ့ပါတယ်။ သို့ရာတွင် ဒီနေ့တော့ လွှတ်တော်အစည်းအဝေးကို ၁၀း၀၀ နာရီမှာ စတင်ကျင်းပခဲ့ပါတယ်။ အကြောင်းကတော့ ဒီနေ့ နိုင်ငံအတွက် အရေးတကြီး လိုအပ်နေတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို အပြီးတိုင်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ ဒါကိုလည်း လွှတ်တော်ကိုယ်စားလှယ်များ နားလည်ပေးဖို့ ဖြစ်ပါတယ်။ ထို့နည်းတူစွာပဲ ကျွန်တော့်ဆီ ကြိုတင်ခွင့်တောင်းထားတဲ့ လောလောဆယ်ဆယ် လွှတ်တော်ကော်မတီ အစည်းအဝေးကိစ္စများရှိတဲ့ ပုဂ္ဂိုလ်များလည်း မိမိအစီအစဉ်နှင့် ထွက်ခွာနိုင်ပါသည်။ အလားတူပဲ ဒုတိယဥက္ကဋ္ဌလည်း မိမိအစီအစဉ်ရှိတဲ့အတွက် ထွက်ခွာနိုင်ပါတယ်။

**ကချင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများအား ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပြည်နယ်နှင့်ရုံးချုပ်များတွင် အလှည့်ကျတာဝန်ထမ်းဆောင်စေခြင်း၊ အရည်အချင်းတူညီပါက ဒေသခံပြည်နယ်သားများအား ဦးစားပေးစီစဉ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် စပ်လျဉ်း၍မေးသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုတာကတော့ အစိုးရဝန်ထမ်းများအား မြေပြန့်၊ တောင်ပေါ်ဒေသ ခွဲခြားခြင်းမရှိဘဲ နေရာအနှံ့တို့တွင် အလှည့်ကျစနစ်ဖြင့်သော်လည်းကောင်း၊ လုပ်ငန်းအတွေ့အကြုံ၊ ဗဟုသုတရရှိစေရန်သော်လည်းကောင်း၊ ပြစ်ဒဏ်ဖြင့် တောင်ပေါ်ဒေသသို့ တာဝန်ထမ်းဆောင်စေ၍သော်လည်းကောင်း၊ ရာထူးတိုးမြှင့်၍သော်လည်းကောင်း တာဝန်ပေးအပ်လျက်ရှိသည်ကို လေ့လာသိရှိရပါတယ်။ သို့ရာတွင်

တောင်ပေါ်ဒေသမှာ ဒေသခံဝန်ထမ်းများအား လုပ်ငန်းအတွေ့အကြုံနဲ့ စွမ်းဆောင်ရည်မြင့်မားစေရန် ပြည်နယ်ရုံးနှင့် ရုံးချုပ်များသို့လည်းကောင်း၊ မြေပြန့်ဒေသများသို့လည်းကောင်း၊ ပြောင်းရွှေ့လေ့ကျင့်တာဝန်ထမ်းဆောင်စေမှုမှာနည်းပါးပြီး မြေပြန့်ဒေသမှ ဝန်ထမ်းများအား တောင်ပေါ်ဒေသတွင် ခန့်အပ်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အကျင့်ပျက်၍ ပြစ်ဒဏ်များပေးခြင်း နည်းလမ်းများဖြင့် လာရောက်ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ကြသည့် ဦးရေမှာ များပြားလျက်ရှိပါတယ်။ ဤသို့ဖြစ်ရခြင်းသည် မြေပြန့်ဒေသသားများက တောင်ပေါ်ဒေသများထက် အသိဉာဏ်ပညာ ဖွံ့ဖြိုးပြီး လူမှုစီးပွားရေးဘဝ မြင့်မားကြောင်းကို ဖော်ပြခြင်းပင်ဖြစ်ပါတယ်။ လူနေမှုအဆင့်အတန်းမြင့်မားကြသော မြေပြန့်ဝန်ထမ်းများသည် တောင်ပေါ်ဒေသတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲ ခြင်း၊ စားဝတ်နေထိုင်မှုဆင်းရဲခြင်း အစရှိသည့် အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့လာရသောအခါ စိတ်ဓာတ်ကျဆင်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကျေပွန်စွာထမ်းဆောင်နိုင်ခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါတယ်။ တောင်ပေါ်ဒေသမှ ဒေသခံတိုင်းရင်းသား ပြည်သူများဟာ အသိဉာဏ်ပညာဖွံ့ဖြိုးမှုနည်းပါးပြီး လူမှုစီးပွားဘဝ နိမ့်ကျလျက်ရှိပါတယ်။ တောင်ပေါ်ဒေသသားများဟာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဓာတ်စေတနာရှိသော်လည်း အသိပညာ၊ အတတ်ပညာ၊ နည်းပညာနှင့် စီမံခန့်ခွဲမှုပညာများ အားနည်းလျက်ရှိကြပါတယ်။ ထို့ကြောင့် တောင်ပေါ်ဒေသမှ ဝန်ထမ်းများအား ပြည်နယ်ရုံး ရုံးချုပ်နှင့် မြေပြန့်ဒေသတွင် လုပ်ငန်းကျွမ်းကျင်မှုနှင့် အတွေ့အကြုံ ရရှိအောင် လေ့ကျင့်ပြုစု ပျိုးထောင်၍ တောင်ပေါ်ဒေသသို့ ပြန်လည်တာဝန်ထမ်းဆောင်စေပါက နိုင်ငံတော်၏ စစ်မှန်သော စေတနာများကို တိုင်းရင်းသားများက သိရှိခံစားပြီး တောင်ပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်မှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မိမိပြည်နယ်၊ မိမိဒေသတွင် ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးခြင်း၊ ပြောင်းရွှေ့ခြင်း လုပ်ဆောင်ရာ၌ ဒေသခံများကို ဦးစားပေးသင့်သည်ဟု ထင်မြင်ယူဆပါတယ်။ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ ၂၂ မှာ နိုင်ငံတော်သည် (က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီ ဆောင်ရွက်မည်။ (ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်း ကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။ (ဂ) တိုးတက်ဖွံ့ဖြိုးမှု နည်းပါးနေသည့် တိုင်းရင်းသားများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်ဟု ဖော်ဆောင်ထားပါသည်။ ဒါ့အပြင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၇

တွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်အစိုးရသည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာ ပြည်ထောင်စုဥပဒေနှင့် အညီလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း၊ မိမိတာဝန်ယူ အကောင်အထည်ဖော်ရမည့်လုပ်ငန်းများကို ဆောင်ရွက်ရန် (က) တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဆိုင်ရာ နယ်ဘက်အစိုးရဝန်ထမ်းများကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ (ခ) လိုအပ်သော နယ်ဘက်ဝန်ထမ်းများကို ခန့်အပ်နိုင်သည်ဟူ၍ ဖော်ပြထားသော်လည်း လက်တွေ့နယ်ပယ်တွင် ကွဲလွဲလျက်ရှိနေပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ကချင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ကြသော အစိုးရ ဝန်ထမ်းများ၏ လူမှုစီးပွားဘဝအခက်အခဲများ ပပျောက်၍ သတ်မှတ်တာဝန်ကျ ကာလအတွင်း တိုင်းရင်းသားပြည်သူများအား စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် အလုပ်အကျွေးပြုစေရန်အတွက် ဝန်ထမ်း များအား ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ရုံးချုပ်နှင့်မြေပြန့်ဒေသတွင် အလှည့်ကျ တာဝန်ထမ်းဆောင်စေခြင်း၊ လုပ်ဆောင်ရာ၌ အရည်အချင်းတူညီပါက ဒေသခံပြည်နယ်သားများအား ဦးစားပေးအစီအစဉ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းများ မေးမြန်း တင်ပြခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြင့်အောင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ကိုယ်စား ကချင်ပြည်နယ် ချီဖွေမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်၏ မေးခွန်းအပေါ် ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်က ကချင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်နေကြ သော ဝန်ထမ်းများ၏ လူမှုစီးပွားအခက်အခဲ ပပျောက်၍ တိုင်းရင်းသားပြည်သူများကို သတ်မှတ် တာဝန်ကျကာလအတွင်း တာဝန်ကျေပွန်စွာဖြင့် အလုပ်အကျွေးပြုစေရန်အတွက် ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပြည်နယ်နှင့် ရုံးချုပ်များတွင် အလှည့်ကျ တာဝန်ထမ်းဆောင်စေခြင်း လုပ်ဆောင်ရာ၌ အရည်အချင်းတူညီပါက ဒေသခံပြည်နယ်သားများအား

ဦးစားပေးစီစဉ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို တင်သွင်းခဲ့ ပါသည်။

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေအခန်း(၃) ပုဒ်မ ၈ ဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ တာဝန်များကို သတ်မှတ်ပြဋ္ဌာန်းရာတွင် ရာထူးဝန်အဖွဲ့သည်- နိုင်ငံ့ဝန်ထမ်းများကို စနစ်တကျ ရွေးချယ်ခြင်း၊ ဝန်ထမ်းများအားထိရောက်စွာလေ့ကျင့်ပျိုးထောင်ခြင်း၊ ဝန်ထမ်းဆိုင်ရာကျင့်ဝတ်များ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ စံနှုန်းများသတ်မှတ်ရေးနှင့် မူဝါဒလမ်းညွှန်ချက် များ ချမှတ်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရကို အထောက်အကူပြုခြင်းဟု ဖော်ပြပါရှိထားပါသည်။ ဝန်ထမ်းများကို ရွေးချယ်ခန့်ထားရေးနှင့် ရာထူးတိုးမြှင့်ရေးကိစ္စနှင့် ပတ်သက်ပြီးတင်ပြရရင် ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ဝင်ပေါက်ရာထူး တစ်နည်းအားဖြင့် အရာထမ်းအဆင့်ရှိ ရာထူးများကိုသာ ရွေးချယ်ရန် ဥပဒေပုဒ်မ ၉ အရ သတ်မှတ်ထားပြီး ကျန်ရာထူးအဆင့်ဝန်ထမ်း တစ်နည်းအားဖြင့် အမှုထမ်းအဆင့်တို့ကို သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းများက ရွေးချယ်ရန် သတ်မှတ်ထားသည့်အတွက် ဗဟိုအာဏာပိုင် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်း ဒေသကြီးနှင့် ပြည်နယ်အစိုးရအသီးသီးရဲ့ အကြီးအမှူးတို့ကိုရွေးချယ်ခန့်ထားပေးရန် လုပ်ပိုင်ခွင့် အပြည့်အဝလွှဲအပ်ထားကြောင်း အသိပေးတင်ပြလိုပါသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရများအနေဖြင့်လည်း မိမိတို့တာဝန်ယူ အကောင်အထည်ဖော်ရသည့်လုပ်ငန်းများကို ဆောင်ရွက် နိုင်ရန် နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများကို ဖွဲ့စည်းခြင်း၊ လိုအပ်သော နယ်ဘက်ဝန်ထမ်းများ ခန့်အပ်ခြင်းပြုလုပ်ရာတွင် နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေနှင့်အညီလည်းကောင်း၊ ပြည်ထောင်စု အစိုးရနှင့် ကြိုတင်ညှိနှိုင်း၍လည်းကောင်း ဖွဲ့စည်းခန့်ထားနိုင်ကြောင်းကို ပြည်ထောင်စုရာထူးဝန် အဖွဲ့ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဈ)တွင် အတိအလင်းဖော်ပြထားပါသည်။ ယင်းပြဋ္ဌာန်းချက်မှာ ချီဖွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ရည်ညွှန်းကိုးကားသွားခဲ့သည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၇ နှင့်လည်း လိုက်လျောညီထွေရှိကြောင်း အားလုံးသတိပြုမိကြမည်ထင်ပါသည်။

ဤနေရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအား အသိပေး တင်ပြရင်း ပန်ကြားလိုသည်မှာ ယခုရည်ညွှန်းကိုးကားခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၇ နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဈ)တို့မှာ ဖော်ပြပါရှိသည့် နိုင်ငံ့ဝန်ထမ်း ဆိုင်ရာဥပဒေမှာ မူကြမ်းအဆင့်မှာပဲရှိနေသေးပြီး ယနေ့ထိ အတည်ပြုပြဋ္ဌာန်းရခြင်း မရှိသည့်အတွက်

လက်တွေ့ကျင့်သုံးနိုင်ခြင်းမရှိသေးပါ။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေမူကြမ်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်တင်ပြခဲ့ရာ ယခုနောက်ဆုံးအခြေအနေအရ လွှတ်တော်သို့ ၂၉-၆-၂၀၁၂ ရက်နေ့က တင်ပြထားခဲ့ပြီး လွှတ်တော်မှလည်း ပြန်ကြားရေးဝန်ကြီးဌာနသို့ ထပ်ဆင့်လမ်းညွှန်ပေးမှုအရ နိုင်ငံတော်ပြန်တမ်း၊ မြန်မာ့ရုပ်သံနှင့် သတင်းစာတို့တွင် အများပြည်သူ ကျယ်ပြန့်စွာ လေ့လာသိရှိကာ အကြံပြုနိုင်ရန် ချပေးထားပြီး ဖြစ်ပါသည်။ ဒီအတွက် မကြာမီကာလမှာ နိုင်ငံ့ဝန်ထမ်းဆိုင်ရာဥပဒေကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးပြီးတဲ့နောက် နိုင်ငံ့ဝန်ထမ်းများရဲ့တာဝန်၊ ရပိုင်ခွင့်နှင့် စည်းကမ်းများကဏ္ဍဟာ ပိုမိုမှန်ကန်တိကျလာတော့မည် ဖြစ်ပါသည်။ ဥပဒေပြဋ္ဌာန်း အတည်ပြုပြီးသည့်အခါ ဥပဒေ၏အခန်း(၃)ဝန်ထမ်းများ ရွေးချယ်ခန့်ထားခြင်း၊ အခန်း (၇) ရာထူးတိုးမြှင့်ခြင်းကိစ္စတို့သည်လည်း ပီပီပြင်ပြင်ရှိလာမည်ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းအသီးသီးတို့တွင် စီမံခန့်ခွဲမှုပိုမို၍ လွယ်ကူစနစ်ကျလာမည်ဟု ယုံကြည်ပါသည်။ မြေပြန့်ဒေသမှ ဝန်ထမ်းများကို အကျင့်ပျက်၍ ပြစ်ဒဏ်ပေးသည့်အနေဖြင့် တောင်ပေါ်ဒေသသို့ ပြောင်းရွှေ့ခန့်ထားခြင်း၊ တဖန်ထိုဝန်ထမ်းများက တောင်ပေါ်ဒေသတွင် နေထိုင်စားသောက်ရေး၊ သွားလာရေး အခက်အခဲများကြောင့် စိတ်ဓာတ်ကျဆင်းကာ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်မှုမရှိခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်း၊ ထိုအခါ ၎င်းတို့၏ပြုမူလုပ်ဆောင်ချက်ကြောင့် နိုင်ငံတော်အစိုးရအပေါ် အကြည်အညိုပျက်ပြားစေသည့် ဆိုးကျိုးသက်ရောက်စေခြင်း စသည်တို့နှင့်ပတ်သက်၍လည်း ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး၌ နောင်မွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဂျီဖုန်ဆားရ်က မေးခွန်းတစ်ရပ်တင်သွင်းခဲ့ခြင်း ဖြစ်ပါတယ်။ ထိုအခါက ဦးဂျီဖုန်ဆားရ်၏မေးခွန်းကို ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပြန်လည်ဖြေရှင်းရန် စီစဥ်ထားပါသော်လည်း ကာယကံရှင်က မေးခွန်းများအား ပြန်လည်ရုပ်သိမ်းခဲ့သည့်အတွက် လွှတ်တော်၌ မဖြေကြားနိုင်ခဲ့ပါ။

ယခုတစ်ဖန် ချီဖွေမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က အလားတူ ဝန်ထမ်းများပြောင်းရွှေ့ခြင်းကိစ္စကို မေးမြန်းလာသည့်အတွက် ဖြေရှင်းတင်ပြရပါလျှင် (က) ဝန်ထမ်းများအား တောင်ပေါ်ဒေသ၊ နယ်စွန်နယ်ဖျား၊ ဝေးလံခေါင်သီသောဒေသများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းကို အရေးယူအပြစ်ပေးသည်ဟူ၍ ပုံသေကားချပ် မရှုမြင်စေလိုပါ။ ထိုကဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေခြင်းသည် ဌာနဆိုင်ရာ၏လုပ်ငန်း လိုအပ်ချက်များကြောင့် ဖြစ်စေပါသည်။ ဝန်ကြီးဌာနများအနေဖြင့် ကာလအကန့်အသတ်ဖြင့် မြို့ပြများ၊ ရုံးချုပ်များတွင် တာဝန်

ထမ်းဆောင်စေခြင်း၊ အလှည့်ကျနယ်များတွင် သွားရောက်တာဝန်ထမ်းဆောင်စေခြင်းတို့ကို တရားမျှတမှုလည်းရှိ၊ တစ်ဖက်တွင် ဝန်ကြီးဌာန၏ရည်မှန်း ချက်တာဝန်လည်း လစ်ဟင်းပျက်ကွက်မှု မရှိ၊ ကွင်းဆက်မပြတ်ရရှိစေရန် ကြိုးပမ်းစီမံဆောင်ရွက်ပေး လျက်ရှိသည်ဟု နားလည်ပါတယ်။ (ခ) နောက်တစ်ချက်မှာ ပြည်ထောင်စုဝန်ကြီးဌာနများအနေဖြင့် ၎င်းတို့၏ဝန်ထမ်းများ ပြစ်မှုကျူးလွန်သည့်အခါ တောင်ပေါ်ရယ်၊ မြေပြန့်ရယ်လို့ နေရာဒေသမခွဲခြားဘဲ စည်းကမ်းဖောက်ဖျက်သူများကို ဝန်ထမ်းစည်းကမ်းများနှင့်အညီ စည်းကမ်းဖေါက်ဖျက်သူတို့ကို အရေးယူအပြစ်ပေးလျက်ရှိပါသည်။ (ဂ) သို့ဖြစ်ပါ၍ ယနေ့နိုင်ငံတော်ရှိ ဗဟိုအာဏာပိုင်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခုတို့၏ အစိုးရအဖွဲ့တို့တွင် တာဝန်ထမ်းရွက်နေကြသည့် ဝန်ထမ်းများ၏ တာဝန်လစ်ဟင်းပျက်ကွက်မှု၊ ရာထူးခန့်ထားမှု၊ အဆင့်တိုးမြှင့်မှု၊ ပြောင်းရွှေ့မှုကိစ္စများမှာ တရားမျှတမှုမရှိ လုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ခဲ့သော် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့များထံ နည်းမှန်လမ်းမှန်တင်ပြခဲ့လျှင် သက်ဆိုင်ရာအာဏာပိုင်တို့က ပြုပြင်သင့်တာပြုပြင်၊ အရေးယူသင့်တာယူသွားမှာဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ယခုလို ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်ကမေးမြန်းခဲ့သည့် ဝန်ထမ်းများအား ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့တာဝန်ပေးခြင်းဆိုင်ရာမေးခွန်းကို ဖြေကြားခွင့်ရရှိသည့်အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်သို့တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား ကျေးဇူးတင်ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**လုပ်သက်မြင့်နိုင်ငံ့ဝန်ထမ်းများသတ်မှတ်ထားသည့်ငွေကြေးကိုမိမိတို့လစာငွေများမှ အရစ်ကျအကျေပေးသွင်းခဲ့သည့်မြေကွက်များတွင် တရားဝင်နေထိုင်ခွင့်ရရှိရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားချစ်ခင်ရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းမယ့်မေးခွန်းက ဝန်ထမ်းများကိုချထားပေးပြီးဖြစ်တဲ့မြေကွက်များကို နိုင်ငံတော်မှပြန်လည်

သိမ်းယူခြင်းနှင့်ပတ်သက်တဲ့မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့မှာ လွှတ်တော်မှာမေးမြန်းခဲ့တဲ့မေးခွန်း တစ်ရပ်ဖြစ်တဲ့ ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအား တရားဝင်ချမှတ်ပေးပြီးဖြစ်တဲ့မြေကွက်များအား နေထိုင်ခွင့်ဆုံးရှုံး ကြရသဖြင့် တရားဝင်နေထိုင်ခွင့်ရရှိရေးအတွက်ဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်မှာမေးမြန်း ခဲ့ပါတယ်။ ထိုမေးခွန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးမှ လွှတ်တော်မှာလာရောက်ဖြေဆိုခဲ့သော်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ ဤကိစ္စအား ဝန်ကြီးဌာနတစ်ခုတည်းမှ ဆောင်ရွက်၍မရနိုင်ကြောင်းနှင့် နိုင်ငံတော်အကြီးအကဲသို့တိုက်တွန်း ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ အချက်အလက်များတိကျစွာဖော်ပြ ၍ထပ်မံတင်ပြရန် လွှတ်တော်မှဆုံးဖြတ်ခဲ့ပါသဖြင့် အသေးစိတ်အချက်အလက်များကိုစုံလင်စွာ တင်ပြခဲ့ရာ အချက်အလက်အထောက်အထားများအဖြစ် ကျွန်တော်အကျဉ်းချုပ်ဖော်ပြရရင် ဝန်ထမ်း များဟာ ၁၉၉၀ ခုနှစ်၊ အတိအကျဆိုရင် ၁၉၈၉ ခုနှစ် နှစ်ကုန်ကာလကနေစပြီး မိမိတို့လစာငွေ ထဲကနေ လစဉ်တစ်လကို ၂၀၀ ကျပ်နှုန်းနဲ့ဖြတ်တောက်ပြီး တစ်နှစ်ကို ၂၄၀၀၊ ၅ နှစ် ၁၂၀၀၀ ထိုကာလကမိမိတို့လစာငွေထဲကခြစ်ခြုတ်ပြီး ထုတ်ပေးခဲ့ရတာဖြစ်ပါတယ်။ အဲ့လို ၅ နှစ်တာပေးခဲ့ပြီးမှ ရတဲ့ မြေကွက်ဖြစ်ပါတယ်။ ရေမရှိ၊ လမ်းမရှိ၊ မီးမရှိ၊ ကောင်းမွန်စွာသွားလို့မရနိုင်တဲ့ရပ်ကွက်ဖြစ်တဲ့ အပြင် ရဲစခန်း၊ ဆေးရုံ၊ စာသင်ကျောင်းများ လုံလောက်မှုမရှိ၊ ဘတ်စ်ကားလိုင်းများပြေးဆွဲပေးမှု မရှိဘဲနှင့် မြို့ပြအင်္ဂါရပ်နဲ့ညီညွတ်မှုမရှိခြင်းကိုတင်ပြခဲ့ပါတယ်။ ဖျက်သိမ်းခံရမယ့်ရပ်ကွက်ပေါင်း ၁၁ ရပ်ကွက်မှာ ဝန်ထမ်းပေါင်း ၈၀၇၉ ဦးရဲ့ အိမ်ခြံကွက်ပေါင်း ၈၀၇၉ ကွက်ပါရှိပြီး ဌာနပေါင်း များစွာတို့ရဲ့လုပ်သက်မြင့်ဝန်ထမ်းများပါဝင်ပါတယ်။ ယခုအချိန်မှာ ဝန်ထမ်းများဟာအများအားဖြင့် ပင်စင်စားသက်ကြီးရွယ်အိုများဖြစ်နေပြီး အချို့မှာ လုပ်ငန်းခွင်မှာရှိနေတဲ့လုပ်သက်မြင့်သက်ကြီး ရွယ်အိုဝန်ထမ်းများဖြစ်ပါတယ်။ ၎င်းတို့ဟာ လုပ်သက်အနှစ် ၂၀ ပြည့်မှ အချို့ကာကွယ်ရေး ဝန်ကြီးဌာနဆို လုပ်သက်အနှစ် ၃၀ ပြည့်မှဒီမြေကွက်ကိုရတာဖြစ်ပါတယ်။ ၅ နှစ်တိုင်ပေးသွင်း ခဲ့တဲ့ငွေကြေး ၁၂၀၀၀ ကို ထိုအချိန်ကာလကတန်ဖိုးနဲ့နှိုင်းယှဉ်ရင် အလွန်မြင့်မားပါတယ်။ ယခု အဲ့ဒီငွေကြေး ၁၂၀၀၀ ကိုပဲ မူလပေးသွင်းထားတဲ့ငွေကြေးကိုသာပြန်အမ်းမယ်လို့ အစိုးရကနေ ကြေညာချက်ထုတ်တာဖြစ်ပါတယ်။ ၇-၃-၂၀၁၂ နေ့စွဲဖြင့် နိုင်ငံပိုင်သတင်းစာမှာ နိုင်ငံ့ဝန်ထမ်းများ ကိုပေးအပ်ပြီးတော့ မြေချပါမစ်မူရင်း၊ မြေငှားစာချုပ်မူရင်း၊ မြေယာပိုင်ဆိုင်မှုအထောက်အထားများကို ၃၁-၃-၂၀၁၂ ရက်နေ့နောက်ဆုံးထား၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရန်ကုန်၊ နေပြည်တော်)

သို့လာရောက် ပေးဆောင်ရန်၊ ငွေပြန်ထုတ်ယူရန်ကြေညာခဲ့ပါတယ်။ ထို့အပြင် ထိုဝန်ထမ်းများရရှိတဲ့ အိမ်ခြံမြေကွက် များထဲကို မြေကြီးများထွန်ယက်၍ ကျူးကျော်စိုက်ပျိုးထားသဖြင့် မြေကွက်ပိုင်ရှင်များက အိမ်ဆောက်ရန်အခက်အခဲဖြစ်နေကြသဖြင့် သက်ဆိုင်ရာနယ်မြေအာဏာပိုင်အသီးသီးသို့တင်ပြခဲ့ကြသော်လည်း အိမ်ဆောက်နေထိုင်ခွင့်မရနိုင်ခဲ့ကြပါဘူး။ ဆောက်လုပ်နေထိုင်လျက်ရှိတဲ့ ဝန်ထမ်းတွေ၊ ပင်စင်စားတွေက ရွံ့ဗွက်တော၊ ရေကွင်းတောထဲမှာနေထိုင်ကြတဲ့ အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြရခြင်းကို ၁၄-၃-၂၀၁၂ ရက်နေ့မှာ ပထမအစီရင်ခံစာတင်ပြချက်ကိုလည်းကောင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း ပြည်သူများနှင့်သွားရောက်တွေ့ဆုံခဲ့ပြီးတော့မှ ၎င်းတို့ရဲ့တင်ပြချက်စာရွက်စာတမ်းများ၊ အထောက် အထားများ၊ ဓာတ်ပုံပေါင်း ၃၀ ကျော်တို့ဖြင့် ကျွန်တော်ဟာ ၂၀-၃-၂၀၁၂ ရက်နေ့မှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးထံ ဒုတိယအစီရင်ခံစာကိုလည်းကောင်းတင်ပြခဲ့ပါတယ်။ သို့ပါသော် လည်း ဒီဝန်ထမ်းများအားချပေးပြီးဖြစ်တဲ့ ဒဂုံမြို့သစ်အရှေ့ပိုင်းမှာရှိတဲ့ ဝန်ထမ်းများ၊ ပင်စင်စားများ၊ ဆက်ခံသူမိသားစုများပိုင်ဆိုင်ကြတဲ့ မြေကွက်များနှင့်စပ်လျဥ်းတဲ့ တိကျတဲ့ကြေညာချက် တစ်စုံတစ်ရာထုတ်ပြန်ခြင်း မရှိသေးပါဘူး။ အိုးအိမ်ဦးစီးဌာနက ၇-၃-၂၀၁၁ ရက်နေ့ ထုတ်ပြန်ခဲ့တဲ့အသိပေးကြေညာချက်ဟာ ယခုတိုင်အကျိုးသက်ရောက်မှု ရှိနေပါတယ်။ ပြည်သူတွေဟာ ယခုတိုင်အပြစ် ကျူးလွန်သူများအဖြစ် သက်ရောက်နေပါတယ်။ သူတို့ဟာလည်း စိတ်မချမ်းသာစွာနှင့် စိုးရိမ်ပူပန်စွာ နေထိုင်နေရပါတယ်။ အနည်းငယ်တင်ပြရရင် ကျွန်တော့်ဆီကို လက်မှတ်ထိုးပြီးတော့မှ တင်ပြထားတဲ့ ဝန်ထမ်းပင်စင်စားပေါင်းရာနှင့်ချီပါတယ်။ တင်ပြစာပေါင်းလည်း ရာနှင့်ချီပါတယ်။ ဒါနှင့်ပတ်သက်ပြီး လွှတ်တော်ကို ပူးတွဲ- ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ အထိတင်ပြီးတော့မှ ကျွန်တော်ဖော်ပြခဲ့ပါတယ်။ တချို့ကာကွယ်ရေးဌာနက ဝန်ထမ်းများဆိုရင် အိမ်ဆောက်ပြီးပြီ။ အဲ့ဒီကာကွယ်ရေးဌာနက ၁၉၉၈ မှာ သူရဲ့အသက်က ၅၅ နှစ် ဖြစ်ပါတယ်။ အခု ၂၀၁၂ ခုနှစ်မှာ အသက် ၆၉ နှစ်ဖြစ်ပါတယ်။ ခလရ(၈၈)က ပုဂ္ဂိုလ်တစ် ဦးဖြစ်ပါတယ်။ သားသမီးအားလုံးမိသားစုက ၇ ယောက်ရှိပါတယ်။ လူမမယ်ကလေးတွေပါပါတယ်။ သူတို့မိသားစုရဲ့ဆက်ခံခွင့် ဒီအိမ်လေးမှာ နေဖို့သူတို့တွေကြိုးစားတာ အဲ့ဒီနေရာမှာသူတို့ အခုလက်ရှိလည်းရှိပါတယ်။ နောက်လက်ရှိ လွှတ်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတစ်ဦးရဲ့မိဘ၊ သူ့အဖေဟာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှာ အလုပ်လုပ်ပါတယ်။ အဲ့ဒီကနေသူမြေတစ်ကွက်ရထားပါတယ်။ သူ့အသက် ၁၉၉၈ တုန်းက ၅၈ နှစ်မှာ၊ အခုသူ့အသက်က ၇၂ နှစ်ရှိပါပြီ။ သူအဲ့ဒီမှာနေလိုပါတယ်။ ဒါပေမယ့် သူတို့ရဲ့မြေကွက်ကို လာရောက်ပြီးတော့မှ အိမ်ဆောက်ထားခြင်း မရှိပါဘူးဆိုတဲ့အကြောင်းပြချက်နှင့် ဒါတွေကို သိမ်းဆည်းတယ်လို့

သိရပါတယ်။ သိမ်းတဲ့နေရာမှာ ကွက်ကျော်သိမ်းသွားတာတွေ တွေ့ရပါတယ်။ ဒီမြေကွက်တွေ အားလုံး ချထားစဥ်က မြေကွက်ပေါင်းများစွာရှိပါတယ်။ ဒါပေမယ့် သိမ်းတဲ့အခါမှာ ၁၂၁၊ ၁၂၂ အဲ့ဒီရပ်ကွက် ထဲမှာ ၁၂၁ မှာအိမ်ခြေပေါင်း ၁၁၄ အိမ်၊ တချို့ရပ်ကွက်တွေမှာ တစ်ဝက်ပိုင်းပြီး သိမ်းသွားတာကို တွေ့ရပေမယ့် တချို့ရပ်ကွက်ကအပြည့်၊ တချို့ရပ်ကွက်မှာ ရာဂဏန်းလောက်ချန်ထားတာကို တွေ့ရ ပါတယ်။ အဲ့လိုသိမ်းတဲ့ အရှေ့ပိုင်းမြို့နယ်။ အဲ့လိုမျိုး ဒဂုံအရှေ့မြို့နယ်တွေမှာ အများကြီးအကွက်တွေ ရိုက်ထားပြီးပါပြီ။ ရပ်ကွက်ပေါင်း ၁၁ ကွက်၊ အိမ်ထောင်စုပေါင်း ၈၀၇၉ ကွက်ကို သိမ်းတာ။ ဒီလို ကွက်ပြီးသိမ်းတဲ့အတွက် ဝန်ထမ်းတွေက ကွက်ပြီးခံရသလိုဖြစ်ပါတယ်။ ဝန်ထမ်းဆိုတာ သူတို့ရဲ့ တစ်သက်လုံးလုပ်ခဲ့တဲ့ ဝန်ထမ်းဘဝရဲ့ ခံစားခွင့်တွေကို သက်ကြီးရွယ်အိုပင်စင်စားတဲ့ အချိန်မှာ ခံစားလို ကြပါတယ်။ သူတို့ဒီနေရာကို ဆောက်ပြီးတော့ အိမ်တွေကို ဟိုရွှေ့ဒီရွှေ့ရွှေ့တာကိုလည်း ခံကြရပါသေးတယ်။ သူတို့လာဆောက်တဲ့ အချိန်မှာ သူတို့ရဲ့မြေကွက်ထဲမှာ ဘယ်ကမှန်းမသိတဲ့သူ တွေက ထွန်ယက်စိုက်ပျိုးနေတာတွေ့ပါတယ်။ သူတို့ကို သွားပြီးမောင်းထုတ်ဖို့ ဝန်ထမ်းတွေမှာ တစ်ဦးချင်းအနေနဲ့ အင်အားမရှိကြပါဘူး။ သက်ဆိုင်ရာကို ဘယ်ကိုပြောကြမှန်း မသိကြအောင်ကို ဖြစ်ကြရပါတယ်။ အဲ့တော့ တစ်နေ့ဖယ်နိုး ဖယ်နိုးနဲ့သူတို့စောင့်နေကြတာ။ အခုနောက်ဆုံးတော့ သူတို့ကို နိုင်ငံတော်က ဖယ်တဲ့အဆင့်ကိုရောက်သွားပါတယ်။ နိုင်ငံတော်ကဖယ်တဲ့ပုံစံကတော့ ခေတ်မီ စက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေး ဇုန်အဖြစ် နိုင်ငံတော်က ဖော်ထုတ်ဆောင်ရွက်သည့်စီမံကိန်း ဧရိယာအတွင်း ပါဝင်နေပါသဖြင့် အဆိုပါမြေကွက်ချထားမှုအားပယ်ဖျက်ပြီး မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာနမှ မူလပေးသွင်းခဲ့တဲ့ မြေကွက်တန်ဖိုးများအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပါတယ်။ အဲ့လို စီမံကိန်းမြေထဲမှာပါဝင်နေပါတယ်ဆိုရင် ဘာလို့မြို့ပြကို တည်ဆောက်ခဲ့သေးလဲ။ မြို့ပြ တည်ဆောက်ပြီးမှ စီမံကိန်းဖြစ်တာလား။ စီမံကိန်းကအရင်ဖြစ်ပြီးမှ မြို့ပြကနောက်မှဆောက်တာလား။ ကျွန်တော်တို့တွေ့တာတော့ မြို့ပြကို အရင်ဆောက်ထားတာပါ။ ဒါပေမယ့် စီမံကိန်းမြေထဲမှာ ပါဝင်နေ ပါသဖြင့် ပါဝင်နေတာမဟုတ်ဘူး။ စီမံကိန်းမြေက အဲ့ဒီမြို့ပြဆောက်ထားတဲ့အထဲမှာ လာလုပ်တာ။ စီမံကိန်းမြေလုပ်မယ်ဆိုတာမျိုးကို ကြေညာရမှာဖြစ်ပါတယ်။ ဝန်ထမ်းတွေကဘာမှမသိရဘဲနဲ့ ငုတ်တုတ်မေ့ပြီးတော့မှ Target Date ပေးခြင်း၊ ဘယ်နေ့နောက်ဆုံးထားပြီး ဆောက်ရမယ် ဆိုတာမျိုးလည်း မပြောပြထားဘဲနဲ့ ဘာမျှမကြေညာဘဲနဲ့ ဖြုန်းဆိုသတင်းစာထဲမှာ ကြေညာလိုက်တဲ့ အချိန်မှာ ကြေညာတဲ့နေ့ရဲ့ ရက်ပိုင်းကိုပေးထားတာဖြစ်တယ်။ ၇-၃-၂၀၁၂ မှာပါပြီးတော့ ၃၀-၃-၂၀၁၂ နောက်ဆုံးဆိုတော့ ဘယ်လိုလုပ်ကြရမှာလဲ။ ဝန်ထမ်းတွေအတွက်ကို ဒါက နိုင်ငံတော်ကနေ

ချမှတ်ပေးတာဖြစ်ပါတယ်။ အရင်အစိုးရကလုပ်ခဲ့တာကို နောက်အစိုးရကနေ ပြန်သိမ်းမယ်ဆိုရင် အခု ဒီအစိုးရလက်ထက်မှာချပေးတဲ့ မြေကွက်တွေရှိသလို နောက်ထပ်တက်လာမယ့်အစိုးရက ထပ်ပြီး သိမ်းမယ်ဆိုရင်ကော ကျွန်တော်တို့နိုင်ငံက တိကျတဲ့မူဝါဒမရှိတော့ဘူးလား။ ကျွန်တော်တို့ အခု ဝန်ထမ်းပေါင်းများစွာရဲ့ ရင်ထဲမှာစိတ်မချမ်းမြေ့မှုတွေကို ဒီအတိုင်းပဲကြည့်နေကြတော့မှာလား။ အခုလုပ်တဲ့ ဒီနေရာက နိုင်ငံတော်ကစီမံကိန်းဆိုတော့ ကျွန်တော် ကြည့်လိုက်ပါတယ်။ ဘယ်သူတွေ လုပ်တာလဲ။ တကယ်တော့ လုပ်တာကုမ္ပဏီတွေ ဖြစ်နေပါတယ်။ ဒီနေရာလေးက ဒဂုံအရှေ့ပိုင်း မြို့နယ်က အင်မတန်မှ စပါးအထွက်ကောင်းတဲ့နေရာဆိုတာ မဟုတ်ပါဘူး။ ကျွန်တော် သွားကြည့် ပါတယ်။ ကျိုးတို့ကျဲတဲစိုက်ထားတာ တွေ့ပါတယ်။ ပြီးတော့ သီးစားချထားပါတယ်။ စစ်ပင် တောင်တောင်ရွာ၊ မြောက်ရွာနှစ်ခုရှိပါတယ်။ အဲ့ဒီရွာကလူတွေကို သီးစားချထားတာ တွေ့ရပါတယ်။ ကျွန်တော်အကြိမ်ပေါင်းများစွာ ရောက်ပါတယ်။ အဲ့ဒီမှာ ညလည်းအိပ်ဖူးပါတယ်။ ကျွန်တော် သေသေချာချာလေ့လာပြီးမှ သူတို့ရဲ့ဘဝတွေကို သေသေချာချာကြည့်ခဲ့ပါတယ်။ ဝန်ထမ်းတွေက အပေါ်က ဘာမှညွှန်ကြားချက် မလာသေးဘူး။ အောက်က သာမန်ရပ်ကွက်အုပ်ချုပ်ရေးမှူး လောက်ကဖျက်ခိုင်းတာနဲ့ ပြုန်းဆိုဖျက်လိုက်ရတာတွေ တွေ့ပါတယ်။ အဲ့လိုမျိုးတွေအထိ လုပ်ပြီးတော့ ယာယီတဲလေးတွေနဲ့နေကြတဲ့အခါမှာ နောက်ပြီး ၁၃-၃-၂၀၁၂ ဒီနှစ်ထဲမှာ လွှတ်တော်မှာမေးပြီးတဲ့ အခါမှာ လွှတ်တော်ခေတ္တပိတ်ချိန်မှာ သင်္ကြန်တွင်းကြီးမှာ စာရင်းကောက်တယ်ဆိုပြီးလာကောက် ပါတယ်။ ပြည်သူကိုမကြေညာဘဲနဲ့ ဒီနေရာတွေကို နိုင်ငံတော်ကစာရင်းလာကောက်တယ်။ စာရင်း ကောက်တယ်ဆိုတာ တိုးတိုးတိတ်တိတ်လုပ်ရမယ့်ကိစ္စမဟုတ်ပါဘူး။ ဝန်ထမ်းတွေကမဆောက်နိုင် သေးလို့၊ မလုပ်နိုင်သေးလို့၊ လာမနေနိုင်သေးလို့ဖြစ်ပါတယ်။ အဲ့ဒီမှာ ဝန်ထမ်းတချို့ကဘယ်လိုပြော သလဲဆိုရင် သူတို့အရင်တုန်းကသစ်တောရပ်ကွက်မှာ ၃၄၊ ၃၃ ရပ်ကွက်တုန်းက မြန်မာ့သစ်လုပ်ငန်းက အိမ်တစ်လုံးစာသစ်များရောင်းချပေးခြင်း၊ နယ်ဘက်မှသစ်များကိုရန်ကုန်သို့ကားဖြင့်သယ်၍ အိမ် အရောက်ပို့ပေးခြင်း၊ မိမိတို့ရရှိထားတဲ့မြေချပါမစ်နဲ့ နိုင်ငံတော်ဘက်မှငွေထုတ်ချေးပေးနိုင်ရန် ဆောက်ရွက်ပေးခြင်း၊ အငယ်တန်းစာရေးတစ်ယောက်လျှင်မြေချပါမစ်ရရှိပါက နိုင်ငံတော်ဘဏ်မှ ငွေကျပ်ငါးသောင်းတိတိနှင့် အကြီးတန်းစာရေးဆိုလျှင် မြေချပါမစ်နဲ့ ငွေကျပ်တစ်သိန်းတိတိ ထုတ်ချေး ပေးခဲ့ပါတယ်။ ဘဏ်မှငွေချေးပေးရန် သက်ဆိုင်ရာဌာနမှ ကူညီပေးခဲ့ပါတယ်။ နောက်ပိုင်းချပေးတဲ့ မြေကွက်များသက်ဆိုင်ရာမှ ဝါးတစ်လုံးပင်ရောင်းချမပေးခဲ့ပါ။ ကျွန်တော်များဝန်ထမ်းများနောက်ဆုံး နိုင်ငံတော်ကမြေကွက်ပေးခြင်းကိုရပ်ဆိုင်းလိုက်ပါတယ်။ ကျွန်တော်တို့ သစ်လုပ်ငန်းဝန်ထမ်းများရရှိ

ထားသော မြေကွက်အမှတ်မှာ ၁၅၇၊ ၁၅၈ မြေကွက်ဖြစ်ပြီး မြေချထားပေးတဲ့ရက်စွဲမှာ ၂၆-၁၂-၂၀၁၂ ဖြစ်ပါတယ်။ ထို့ကြောင့် မိမိတို့လစာဖြင့်အိမ်တစ်အိမ်ဆောက်နိုင်ရန်မှာ အလွန်ခက်ခဲကြောင်း တင်ပြအပ်ပါတယ်။ ယခုအချိန်တွင် ကျွန်တော့်အသက် ၆၀ ပြည့် ပင်စင်စားဘဝရောက်နေချိန်တွင် မိမိတို့ထိုက်ထိုက်တန်တန် နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်ရွက်မှုမှရရှိသောမြေကွက်တစ်ကွက်အား တစ်ချိန်ကသွင်းထားသော ၁၀၀၀၀ ကျော်ပြန်ပေးပြီးတော့မှ မြေကွက်ပြန်သိမ်းလျှင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အထူးနစ်နာဆုံးရှုံးရပါတယ်။ ကျွန်တော့်ကို ပြန်လည်ဖြေကြားပေးတဲ့စာတစ်စောင်မှာ မနစ်နာအောင်ဆောင်ရွက်ပေးမယ်ဆိုပြီးတော မြေကွက်ရရှိသူဝန်ထမ်းများ နစ်နာမှုမရှိစေရေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘယ်လိုညှိနှိုင်းဆောင်ရွက်မှာလဲ။ နိုင်ငံတော်ဆိုတာ တိတိကျကျနဲ့ အမိန့်ထုတ်ပြန်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေကိုပဲ မေးခွန်းမေးတဲ့အခါမှာ အဖြေဖြေတဲ့အခါမှာ လွှတ်တော်မှာ အချိန်အားဖြင့် နည်းတဲ့အတွက် ကျွန်တော်တို့ စာတွေနဲ့ဖြေပါတယ်။ ကျွန်တော်တို့က ပြည်သူလူထုသိဖို့မေးတာပါ။ သူတို့စာနဲ့ဖြေတဲ့အခါမှာ အဲ့ဒီစာတွေကိုကျွန်တော်တို့ကဘယ်လိုထုတ်ပြန်ရမှာလဲ။ ဘယ်လိုမှမထုတ်ပြန်ရင်ပြည်သူလည်းမသိပါဘူး။ ကျွန်တော်တို့သိဖို့ မေးတာမဟုတ်ပါဘူး။ ပြည်သူ့အတွက်လုပ်တာပါ။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက အခွင့်အရေးဆုံးရှုံးခံနေရပါတယ်။ ကျွန်တော်တို့ရဲ့ မေးခွန်းတွေကို ပြည်သူသိခွင့်မရပါဘူး။ အခုဒီလိုမျိုး ကျွန်တော့်ဆီကို ဖြေထားတဲ့စာမျိုးကို ကျွန်တော်တို့ သိရတဲ့အတွက် အတော်စိတ်မကောင်းဖြစ်ပါတယ်။ ကျွန်တော်တို့က ပြည်သူ့အတွက်ဆောင်ရွက်မှု မလုပ်နိုင်ဘူးဆိုရင် ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်ဘဝက အလကားလို့ကျွန်တော်မှတ်ယူပါတယ်။ ပြည်သူလူထုရဲ့ဘဝ ပြည်သူလူထုအတွက် မလုပ်ပေးနိုင်ဘူးဆိုရင် တာဝန်မကျေဘူးဖြစ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ကလွှတ်တော်ကိုယ်စားလှယ်အဖြစ်ရပ်တည်ဖို့က အင်မတန်မှအားနည်းသွားပါပြီ။ အဲ့ဒီအတွက် ကျွန်တော်နောက်ဆုံးမေးခွန်းကိုတင်ပြလိုပါတယ်။ ဝန်ထမ်းများအားချထားပေးပြီးဖြစ်သည့် ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ ဝန်ထမ်းများ၊ ပင်စင်စားများ၊ ဆက်ခံသူမိသားစုများပိုင်ဆိုင်ကြသည့်မြေကွက်များနှင့်စပ်လျဉ်း၍ တိကျသောကြေညာချက် တစ်စုံတစ်ရာထုတ်ပြန်ခြင်းမရှိပါသဖြင့် အိုးအိမ်ဦးစီးဌာနရဲ့ ၇-၃-၂၀၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အသိပေးကြေညာချက်သည် ယခုတိုင်အကျိုးသက်ရောက်မှုရှိနေပါ၍ လုပ်သက်မြင့်နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံတော်မှတရားဝင်ချမှတ်ပေးခဲ့သော ဝန်ထမ်းများကလည်း နိုင်ငံတော်မှသတ်မှတ်ထားသည့် ငွေကြေးများကိုမိမိတို့လစာငွေများမှ အရစ်ကျအကျေပေးသွင်းခဲ့ပြီးဖြစ်သော မြေများတွင် တရားဝင်နေထိုင်ခွင့်

ရရှိစေရေးအတွက် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိသိလိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်ရည်မှ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မေးမြန်းသော လုပ်သက်မြင့်နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်မှသတ်မှတ်ထားသည့်ငွေကြေးကို မိမိတို့၏ လစာငွေများမှ အရစ်ကျအကျေပေးသွင်းခဲ့ပြီးဖြစ်သော မြေကွက်များတွင် တရားဝင်နေထိုင်ခွင့်ရရှိစေရေးအတွက် အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ပေးနိုင်ခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းအားရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနသည် လုပ်သားပြည်သူများ၊ ဝန်ထမ်းများ နေရေးအစဉ်ပြေစေရန်အတွက် ရန်ကုန်မြို့ရဲ့ တိုးပွားလာသောလူဦးရေနှင့်အညီ မြို့၊ ကွက်သစ်များစနစ်တကျဖော်ထုတ်၍ နေရာချထားရေး ဆောင်ရွက်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့သော စီမံကိန်းများအနက် ဒဂုံမြို့သစ်စီမံကိန်းကို ၁၉၈၉ ခုနှစ်မှစတင်ပြီးတော့ ဆောင်ရွက်ခဲ့ရာ ဆင်းရဲသားအိုးမဲ့အိမ်မဲ့များ၊ ပြည်သူများ၊ ဝန်ထမ်းများ အိုးပိုင်အိမ်ပိုင်ဖြစ်စေရန်အတွက် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ သက်သာသော မြေစည်ပင်စရိတ်နှုန်းထားများဖြင့် မြို့ပြအင်္ဂါရပ်များနှင့်အညီ ပြည့်စုံစွာ နေရာချထားပေးနိုင်ခဲ့ပါတယ်။ ဝန်ထမ်းမြေကွက်များအနက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခိုင်မောင်ရည်မှ မေးမြန်းထားသော ဝန်ထမ်းမြေကွက်များမှာ ၁၉၉၄ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အတွင်းချထားပေးခဲ့ခြင်းဖြစ်ပြီး ၎င်းမြေကွက်များတွင် အိမ်ရာ ၂၉ လုံးမှ အပ ကျန်အိမ်ရာမြေကွက်များတွင် လာရောက်၍ အဆောက်အဦဆောက်လုပ်နေထိုင်ခြင်းမရှိပါသဖြင့် ၂၀၀၃ ခုနှစ်မှစ၍ ဒေသခံလယ်သမားများ၏ တင်ပြချက်အရ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ အဆောက်အဦဆောက်လုပ်ခြင်း၊ နေထိုင်ခြင်းမရှိသော မြေကွက်လွတ်နေရာများတွင် တစ်မိုးတစ်ရာသီစိုက်ပျိုးခွင့်

ပြုခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်၊ မေလတွင် နာဂစ်မုန်တိုင်းတိုက်ခိုက်ပြီးနောက် ဧရာဝတီတိုင်းဒေသကြီး လယ်မြေများပျက်စီး၍ ဆန်စပါးမြောက်မြားစွာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် တိုင်းပြည်တွင် ဆန်စပါး ဖူလုံစေရန်ရည်ရွယ်ချက်ဖြင့် စက်မှုလယ်ယာစံပြစိုက်ပျိုးရေးဇုန်များ ဖော်ထုတ်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရလမ်းညွှန်ချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်များတွင် ခေတ်မီစက်မှုလယ်ယာ စံပြအထူး စိုက်ပျိုးရေးဇုန်အား နိုင်ငံတော်စီမံကိန်းအဖြစ် ဖော်ထုတ်ဆောင်ရွက်ခဲ့ပါတယ်။ ဒီလို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်ဧရိယာအတွင်း ပါဝင်တဲ့ ဝန်ထမ်းလူနေအိမ် ၂၉ လုံးအား မြေကွက်အစားပေး၍ မူလနေအိမ်ထက် တန်ဖိုးမနိမ့်သော အဆင့်ဖြင့် ပြန်လည် ဆောက်လုပ်ပေးပြီး ဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့လမ်းညွှန်ချက်အရ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနဟာ ခေတ်မီစက်မှု လယ်ယာစံပြအထူးစိုက်ပျိုးရေးစီမံကိန်းဧရိယာ ၉၇၂၃.၆၆ ဧကကို ခေတ်မီစက်မှုလယ်ယာ စံပြ အထူး စိုက်ပျိုးရေးစီမံကိန်းအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ၆-၁၀-၂၀၁၀ ရက်စွဲပါစာအမှတ်၊ မခ/မသ/၅၄ - အယ်လ် ၂၀၁၀(၁၆၁၈)ပါ အမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်း ပေးခဲ့ပြီးဖြစ်ပါတယ်။ ခေတ်မီစက်မှုလယ်ယာစံပြအထူးစိုက်ပျိုးရေးဇုန်အတွင်း ပါသွားသောဝန်ထမ်း မြေကွက်များအတွက် ၎င်းတို့မူလပေးသွင်းထားသော မြေစည်ပင်စရိတ် ၁၂၀၀၀ ကျပ်ကို နိုင်ငံတော်အစိုးရကိုယ်စား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြန်လည်ထုတ်ပေးနိုင်ရန် စီစဥ် ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါမှာ ကုမ္ပဏီများမှလည်း ဝန်ထမ်းများအား ချထားပေးသော မြေကွက်များပေါ်မှာ စီမံကိန်းလုပ်ငန်းများ ရပ်ဆိုင်းထားကြောင်း တွေ့ရှိရပြီး မူလချထားပေးသော ဝန်ထမ်းမြေကွက်များနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ မြေစီမံခန့်ခွဲမှုလွှဲပြောင်းပေးအပ်ပြီး ဖြစ်သည့်အတွက် အဆိုပါကိစ္စကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး တော့ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆက်စပ်မေးခွန်းကို မေးခွင့်ပြုစေလိုပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်သွားမယ်ဆိုတာ ဘယ်လိုဆောင်ရွက်သွားမယ်ဆိုတဲ့ တိတိကျကျ

အဖြေမျိုးကို ကျွန်တော်တို့သိချင်ပါတယ်။ ပြီးတော့ မြေကွက်ရရှိသူဝန်ထမ်းတွေကို နစ်နာမှုမရှိအောင်ဘယ်လိုလျော်ကြေးပေးမှာလဲ။ ကျွန်တော် ဒါကို သိလိုပါတယ်။ ပြီးတော့ ဆောက်ပြီးသားအိမ်တွေတချို့ရှိပါတယ်။ ဒါတွေဖျက်လိုက်ရပါတယ်။ သယ်ယူစရိတ် တကယ်လို့အစားပေးမယ်ဆိုရင် သယ်ယူစရိတ်ကအစ သူတို့သွားလာ နောက်ထပ်ဆောက်လုပ်မယ့် ကုန်ကျစရိတ်တွေ နိုင်ငံတော်က ပေးမှာလား။ ဒါတွေတိတိကျကျသိလိုပါတယ်။ ပြည်သူတွေ နားလည်သဘောပေါက်အောင် ရှင်းလင်းလွယ်ကူတဲ့အဖြေမျိုးအဖြစ် ပေးနိုင်ဖို့အတွက် မေတ္တာရပ်ခံပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဦးကျော်လွင်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းတင်ပြရမယ်ဆိုရင် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန အနေနဲ့ စောစောကတင်ပြတဲ့အတိုင်း ကျွန်တော်တို့က လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနကို အမိန့်ကြော်ငြာစာနဲ့ လွှဲပြောင်းပေးပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ စီမံခန့်ခွဲမှုနဲ့ညှိနှိုင်းပြီး ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ ဒါကလည်း စောစောက ဦးခိုင်မောင်ရည်တင်ပြသလို နိုင်ငံတော်နှင့်ပတ်သက်တဲ့အမှုဖြစ်တဲ့အတွက် ကျွန်တော်တို့ နိုင်ငံတော်ရဲ့စီမံခန့်ခွဲမှုနဲ့ ဒီ ဆည်မြောင်းဝန်ကြီးဌာန အဓိကအားဖြင့် လိုအပ်လို့ရှိရင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ညှိနှိုင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဆောင်ရွက်ဆဲဖြစ်တဲ့အတွက် ဘယ်လိုပေးမယ်ဆိုတဲ့ တိကျတဲ့အဖြေတော့မပေးနိုင်သေး ပါဘူး။ ဒါပေမယ့် အားလုံးသိရှိနေတဲ့အခက်အခဲကို ကျော်လွှားနိုင်အောင် ညှိနှိုင်းပြီးဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခိုင်မောင်ရည် မေးတဲ့မေးခွန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြား တဲ့အဖြေများကို အစိုးရရဲ့ကတိကဝတ်နှင့် အာမခံချက်ကော်မတီက မှတ်တမ်းထားရှိပြီးတော့ လွှတ်တော်ကို ဒီမေးခွန်း၊ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ ကော်မတီရဲ့သုံးသပ်ချက်နှင့်ပြန်တင်ဖို့ ကတိ ကဝတ်ကော်မတီကိုတာဝန်ပေးအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။

## သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်က စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ကန့်သတ်ချက်အချို့ကို ပြင်ဆင်ပယ်ဖျက်ပေးပါရန်အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ် ပါတယ်။ သူရဦးအောင်ကို ကန်ပက်လက်မဲဆန္ဒနယ်မှ အဆို တင်သွင်းပေးပါရန် ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များ ကာယစိတ္တသုခအဖြာဖြာနှင့် ပြည့်ဝကြပါစေကြောင်း ဆုမွန်တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမည့်အဆိုကတော့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ စာချွန်တော်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်းများအနက် အပိုဒ် ၄၄၊ ၄၇၊ ၆၁ ပါ ကန့်သတ်ချက်များကို ပြင်ဆင်ပယ်ဖျက်ပေးရန်အဆို ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ The Constitution is the Law of the Laws and no body is supreme လို့ ဆိုထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အထက်မှာ မည်သူမှမရှိစေရပါ။ နိုင်ငံသားများကို ၎င်းအခွင့်အရေးကာကွယ်ရန် အခြေခံဥပဒေက အထူးအခွင့်အရေးအဖြစ်နဲ့ စာချွန်တော် လျှောက်ထားပိုင်ခွင့်ပေးထားပါတယ်။ ဒါကြောင့် နိုင်ငံသားတို့ရဲ့ အခွင့်အရေး အကာအကွယ်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို အခြေခံဥပဒေက စာချွန်တော် အမိန့်ထုတ်ဆင့်ခွင့်ကို အထူး အာဏာတစ်ရပ်အဖြစ်နဲ့လည်း အပ်နှင်းထားတာ တွေ့ရှိရပါတယ်။

ဒီနေရာမှာ ဒေါက်တာမောင်မောင်ရေးသားခဲ့တဲ့ တို့ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ စာအုပ်မှာ ဖော်ပြထားတဲ့ အချက်အချို့ကို တင်ပြလိုပါတယ်။ အခြေခံဥပဒေ အတည်ပြုပြီးတဲ့နောက်မှာ ထိုဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အခြေခံအခွင့်အရေးတို့ကို တစ်နည်းတစ်ဖုံ ပျက်ပြားအောင်ပြုလုပ်ခြင်း၊ ထိပါးခြင်းကို ရာဇဝတ်မှုမြောက်စေရန်အတွက် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၃၀(က)ကို အသစ်ထည့်သွင်း ပြဋ္ဌာန်းထားရှိပါတယ်။ ဒါကြောင့် အခြေခံအခွင့်အရေးတို့ကို ထိပါးခြင်းများသည် ပြစ်ဒဏ်ထိုက်သင့်စေသော ပြစ်မှုများ ဖြစ်ပါတယ်။ အခြေခံအခွင့်အရေးတစ်ရပ်ရပ်ကို ထိပါးခြင်းခံရတဲ့ ပြည်သူတစ်ဦးဦးဟာ ကျူးလွန်သူကို ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူနိုင်ပါတယ်။ သို့ရာတွင် ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူခြင်းနှင့်သာ ဖူလုံခြင်းမရှိသော အခြေခံအခွင့်အရေးများ ထိပါးမှုရှိတတ်ပေရာ ၎င်းတို့ကို ကာကွယ်ရန် ဥပမာအားဖြင့် ပြည်သူတစ်ဦးဖြစ်တဲ့ ဦးဖြူသည် လွတ်လပ်စွာ သွားလာ

နေထိုင်နိုင်ပါတယ်။ အဲဒီအခွင့်အရေးကို ထိပါးကျူးကျော်၍ နိုင်ငံတော်အစိုးရအမိန့်ဖြင့်သော်လည်းကောင်း၊ အခြားသောအဖွဲ့အစည်းတစ်ခုခုကသော်လည်းကောင်း၊ ဦးဖြူကို ဖမ်းဆီးချုပ်နှောင်ထားလျှင် အဆိုပါ အခြေခံအခွင့်အရေးထိပါးခြင်းမျိုးကို ဦးဖြူက မည်သို့ကာကွယ်နိုင်ပါမည်နည်း။ နောက်ထပ်ဥပမာအားဖြင့် ပြည်သူတစ်ဦးဖြစ်တဲ့ ဦးဖြူဟာ လွှတ်တော်ရွေးကောက်ပွဲတစ်ရပ်ရပ်မှာ အမတ်လောင်းအဖြစ်စာရင်းသွင်းပြီးတော့မှ ယှဉ်ပြိုင်အရွေးခံဖို့ ကြိုးစားပါတယ်။ ဒါကြောင့်မို့လို့ ဆိုင်ရာရွေးကောက်ပွဲကော်မရှင်ထံ သတ်မှတ်ထားတဲ့အချိန်အတွင်းမှာ ရွေးကောက်ပွဲဝင်ခွင့် လျှောက်ထားပါတယ်။ သို့ရာတွင် ကော်မရှင်က ဦးဖြူကို အသားမည်းသည်ဟု အကြောင်းပြချက်ဖြင့်လည်းကောင်း လျှောက်လွှာကိုပယ်ပြီးတော့မှ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မပြု။ အဲဒီအခါ ဦးဖြူသည် မိမိအခွင့်အရေးတစ်ရပ်ဖြစ်တဲ့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ကို မည်သို့ကာကွယ်နိုင်ပါမည်နည်း။ ဦးဖြူသည် ကော်မရှင်အဖွဲ့ခွဲကို တရားစွဲလို့လည်း မရနိုင်ပါ။ ကော်မရှင်သည် အစိုးရကိစ္စကို ထမ်းဆောင်ရင်းနှင့် မှားယွင်းဆုံးဖြတ်ခြင်းဖြစ်သော်လည်း ၎င်းအားလျော်ကြေးရလိုမှုနှင့်လည်း တရားစွဲမရနိုင်ပါ။ ပြစ်မှုကြောင်းဖြင့်လည်း အရေးယူခွင့်မရှိပါ။ ၎င်းအားအရေးယူပိုင်ခွင့်ရှိသော်လည်း ဦးဖြူမှာ ရွေးကောက်ကော်မရှင်ကို အပြစ်ရစေသည်ထက် မိမိကိုယ်တိုင် ရွေးကောက်ပွဲဝင်ခွင့်ကို အချိန်မီရရှိ၍ ပါဝင်ယှဉ်နိုင်ဖို့ရန်သာ အဓိကဖြစ်ပါတယ်။ ဒါကြောင့် ဦးဖြူသည် မည်သို့သောနည်း ဖြင့် ၎င်း၏အခွင့်အရေးကို ကာကွယ်နိုင်ပါသနည်း။

အထက်ပါဥပမာရပ်များကဲ့သို့ အခြေခံအခွင့်အရေးများကို ထိပါးတဲ့အခါများမှာ မြန်မြန်ထိရောက်စွာ ကာကွယ်ပေးရန်နှင့် နစ်နာချက်ကိုပြင်ဆင်ဖို့အတွက်ကို နိုင်ငံတော်တရားလွှတ်တော်ချုပ်သို့ သွားရောက်လျှောက်ထားနိုင်ပါတယ်။ အခြေခံဥပဒေကို စောင့်ထိန်းကာကွယ်ရာမှာ တရားလွှတ်တော်ချုပ်သည် သီးခြားလွတ်လပ်သော မဏ္ဍိုင်ကြီးဖြစ်ပါတယ်။ အခြေခံဥပဒေရဲ့သဘောအဓိပ္ပာယ်ကောက်ယူရာမှာ ကွဲလွဲလို့ရှိလျှင်၊ သံသယရှိလျှင် သို့မဟုတ် အခြေခံဥပဒေပြဋ္ဌာန်းချက်များကို တစ်နေရာတွင် တစ်ဦးဦးက သို့မဟုတ် အစိုးရက လွှတ်တော်က ကျူးလွန်မိသည်ဟု သံသယကင်းရှင်းအောင် ရှင်းလင်းပေးရပါတယ်။ အမှားကို ပြင်ဆင်ပေးရပါတယ်။ မှန်ရာကိုလည်း ညွှန်ပြပေးရပါတယ်။

တရားလွှတ်တော်ချုပ်ဟာ တရားရေးမဏ္ဍိုင်ရဲ့ ဦးသျှောင်ဖြစ်ပါတယ်။ ဦးသျှောင်ဖြစ်သလို ပြည်သူတိုင်း သွားရောက်ပြီးတော့မှ လျှောက်ထားခွင့်ရှိတဲ့ ရုံးတော်လည်း ဖြစ်ပါတယ်။ နိုင်ငံတော်တစ်ဝန်းမှာရှိတဲ့ အခြားသော တရားရုံးများကဲ့သို့ ပြည်သူတွေအတွက် တရားမျှတစေရန် ဖွင့်လှစ်

ထားသော တရားရုံးတော်ကြီး ဖြစ်ပါတယ်။ ဆင်းရဲသူရဲ့လျှောက်လွှာ၊ ချမ်းသူရဲ့လျှောက်လွှာ၊ အစိုးရအဖွဲ့ရဲ့လျှောက်လွှာ၊ သာမန်ပြည်သူ အရပ်သားရဲ့လျှောက်လွှာဆိုပြီးတော့ ခွဲခြားမှုမပြုဘဲနှင့် တန်းတူထားပြီးတော့မှ တရားလွှတ်တော်ချုပ်က ကြားနာရပါတယ်။ အစိုးရချမှတ်ထားတဲ့ အမိန့်တစ်စုံတစ်ရာသည် မှားယွင်း၍နေလျှင် သို့မဟုတ် အာဏာကျူးလွန်နေလျှင် တရားလွှတ်တော်ချုပ်က ပယ်ဖျက်၊ ပြင်ဆင်သင့်ပါတယ်။ အစိုးရဟူ၍ လွတ်လပ်စွာ မှားနိုင်သည်ဟု အခွင့်အရေးမပေးရပါ။

တရားလွှတ်တော်ချုပ်သည် အခြေခံအခွင့်အရေးတစ်ရပ်ရပ်ကို ထိပါးကျူးကျော်ထားသည်ကို တွေ့ရှိရလျှင် စာချွန်တော်အမိန့် ထုတ်ဆင့်၍ သက်ဆိုင်ရာတို့ရဲ့ အမှားအယွင်းကို ပြင်ဆင်ပေးဖို့ တာဝန်ရှိပါတယ်။ စာချွန်တော်ထုတ်ဆင့် လျှောက်ထားရာမှာ စရိတ်စကလည်း ကုန်၊ အထူးကုန်ကျခြင်းမရှိ၊ အများအားဖြင့် လျှောက်လွှာကို ရုံးတော်တံဆိပ်ခေါင်းသာ ကပ်ရပါတယ်။ လျှောက်လွှာတွင် ကိုးကားသော အချက်အလက်တို့ကို ကျမ်းကျိန်ဆို၍ ကျမ်းစာဖြင့် အထောက်အထားပြုလုပ်ကာ တင်သွင်းနိုင်ပါတယ်။

အဲဒီလိုလျှောက်ထားရာမှာ လွှတ်တော်ရှေ့နေတစ်ဦးဖြင့် ဆောင်ရွက်စေလိုက ငှားရမ်း ဆောင်ရွက်စေနိုင်ပါတယ်။ ရှေ့နေရှေ့ရပ်များဟာ ရုံးတော်၏ ကျင့်ထုံးများ၊ လုပ်ရိုးလုပ်စဉ်များကို ကျွမ်းကျင်သဖြင့် ၎င်းတို့ရဲ့ အကူအညီကိုရရှိနိုင်က ပို၍အဆင်ပြေချောမွေ့နိုင်ပါတယ်။ အမှုကိစ္စမှာ အကျုံးဝင်တဲ့ ဥပဒေအချက်အလက်တို့ကို ရှေ့နေရှေ့ရပ်တို့က ရှာဖွေပြီးတော့မှ ရုံးတော်ကို လျှောက်ထားနိုင်သဖြင့် အမှုကိစ္စကို စဉ်းစားဆုံးဖြတ်ရာမှာ ရုံးတော်ကို အကူအညီ ဖြစ်စေနိုင်ပါတယ်။

သို့ရာတွင် ရှေ့နေရှေ့ရပ်မငှားနိုင်တဲ့ ပြည်သူတို့ဟာ ကိုယ်တိုင်လျှောက်လွှာတင်သွင်း၍ ကိုယ်တိုင်ပင်ရုံးတော်ရှေ့မှောက်သို့ သွားရောက်လျှောက်လဲနိုင်ပါတယ်။ ရှေ့နေမပါလို့ ၎င်းကို ရုံးတော်ကကြားနာခြင်း မပြုရဟူ၍မရှိပါ။ ကြီးလေးသောအမှုများမှာ ရှေ့နေရှေ့ရပ်ငှားရမ်းရန် ငွေကြေးမပြည့်စုံသည့်တရားခံများအတွက် နိုင်ငံတော်မှ ရှေ့နေများ ငှားရမ်းပေးပါတယ် သို့မဟုတ် အစိုးရလွှတ်တော်ရှေ့နေများက လာရောက်၍ အမှုသွားအမှုလာကို မျှမျှတတ တင်ပြလျှောက်ထားကြရပါတယ်။

တရားလွှတ်တော်ချုပ်နှင့် တရားလွှတ်တော်အဆင့်ဆင့်တို့ဟာ တရားရေးမဏ္ဍိုင်ရဲ့ ဦးသျှောင်ပင်ဖြစ်သကဲ့သို့ ပြည်သူတို့ရဲ့ အခွင့်အရေးကို ထိပါးလျှင် သို့မဟုတ် ကာကွယ်ရန် လိုအပ်လျှင် နှောင့်နှေးခြင်းမရှိဘဲ သွားရောက်၍ ခိုလှုံအပ်သည့် ဌာနကြီးလည်း ဖြစ်ပါတယ်။ အခြေခံဥပဒေအရ ပြည်သူတို့နှင့် ပြည်ထောင်စုအတွင်းနေထိုင်ကြတဲ့ သူတို့ရရှိကြတဲ့ အခွင့်အရေးတို့ကို တစ်နည်းတစ်ဖုံ

အားဖြင့် ထိပါးလျှင် တရားလွှတ်တော်ချုပ်က အောက်ပါကဲ့သို့သော စာချွန်တော်အမိန့်များ ထုတ်ဆင့်၍ အမှားပြင်ဆင်ပေးရပါတယ်။ အစိုးရဌာနတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခုက ဦးဖြူကို တရားမဲ့ဖမ်းဆီးထားလျှင် ရှေ့တော်သွင်းစာချွန်တော်ကို ထုတ်ဆင့်နိုင်ပါတယ်။ ၎င်းစာချွန်တော်၏ အဓိပ္ပာယ်မှာ ဦးဖြူကို ဖမ်းဆီးထားသောသူတို့က ဦးဖြူကို ရုံးတော်ရှေ့သို့ သွင်းစေ၊ ထို့ပြင် ဦးဖြူအား မည်ကဲ့သို့သော ပြစ်မှုကြောင့် မည်သည့်ဥပဒေအရ ဖမ်းဆီးထားပါတယ်လို့ ထုချေရှင်းလင်းခြင်းမပြုနိုင်လျှင် ဦးဖြူကို လွှတ်စေလို့ အမိန့်တော်ချမှတ်နိုင်ပါတယ်။

ဦးဖြူဟာ ပြည်ထောင်စုသားဖြစ်၍ လွှတ်တော်ရွေးကောက်ပွဲမှာ ယှဉ်ပြိုင်အရွေးခံရန် အရည်အချင်းပြည့်စုံသူဖြစ်ပါလျှက် ၎င်းကို အသားမည်းတယ်၊ ဗုဒ္ဓဘာသာဝင်မဟုတ်၊ ခရစ်ယာန်ဘာသာဝင်လည်းမဟုတ် သို့မဟုတ်ရင် မယားနှစ်ယောက်ရှိတယ်စတဲ့ ဥပဒေအရ မသက်ဆိုင်သောအချက်တို့ကို ထောက်ထား၍ ကော်မရှင်အဖွဲ့ခွဲက ၎င်းရဲ့ အမတ်လောင်းဖြစ်ခွင့် လျှောက်လွှာကို ပယ်ဖျက်လျှင် ဦးဖြူသည် တရားလွှတ်တော်ချုပ်သို့သွားရောက်၍ ၎င်းအမတ်လောင်းအဖြစ် လက်ခံစေရန်အတွက် စာချွန်တော် အမိန့်ထုတ်ပေးပါရန် လျှောက်ထားနိုင်ပါတယ်။ တရားလွှတ်တော်ချုပ်က ဦးဖြူကို ထုချေခွင့်ပေးပြီးတဲ့နောက်မှာ အမတ်လောင်းအဖြစ် လက်ခံအတည်ပြုရန် အာဏာပေးစာချွန်တော် အမိန့်ထုတ်ပေးနိုင်ပါတယ်။ ထိုစာချွန်တော်ရဲ့ အမိန့်အာဏာကို လက်ခံရယူပြီးလျှင် ကော်မရှင်အဖွဲ့ခွဲသည် ဦးဖြူကို အမတ်လောင်းအဖြစ် အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။

အလားတူ အစိုးရဌာနတစ်ခုခုက ဖြစ်စေ၊ တစ်စုံတစ်ဦးက ဖြစ်စေ၊ ၎င်းကို တရားဥပဒေအရ အပ်နှင်းထားသော အာဏာကို ကျူးလွန်၍ တစ်စုံတစ်ရာကို ပြုလုပ်သဖြင့် ဦးဖြူရဲ့ အခွင့်အရေး ထိပါးခဲ့လျှင် ဦးဖြူသည် တရားလွှတ်တော်ချုပ်သို့ တားမြစ်စေစာချွန်တော်အမိန့်ဖြင့် တားမြစ်ပေးရန် လျှောက်ထားနိုင်ပါတယ် သို့မဟုတ် တရားလွှတ်တော်ချုပ်က အာဏာကျူးလွန်သူကို မည်သည့်အခွင့်အာဏာဖြင့် ဦးဖြူရဲ့ အခွင့်အရေးကို ထိပါးသနည်းဟု အာဏာပိုင်မေးစာချွန်တော် အမိန့်ထုတ်၍ အာဏာပိုင်ဆိုင်ခြင်းမရှိဘဲ အာဏာကျူးလွန်ကြောင်း ထင်ရှားလျှင် လိုအပ်သလို ပြင်ဆင်စေခြင်း ပြုလုပ်နိုင်ပါတယ်။ ထို့ပြင် အမှုခေါ်စာချွန်တော် အမိန့်ထုတ်၍ တရားလွှတ်တော်ချုပ်က အောက်ရုံးများရဲ့ ဆောင်ရွက်ပုံအမိန့်ချမှတ်ခြင်းများကို မှန်ကန်ခြင်းရှိ၊ မရှိ။ ဥပဒေနှင့်ညီညွတ်ခြင်းရှိ၊ မရှိ စစ်ဆေးကြည့်ရှု၍ မှားယွင်းနေပါက ပြင်ဆင်ပေးနိုင်ပါတယ်။ အချို့သော တရားရုံးများက ၎င်းတို့စစ်ဆေးစီရင်နိုင်သော အခွင့်အာဏာကို မေ့လျော့၍ ဖြစ်စေ၊ ဥပဒေအဓိပ္ပာယ်ကောက်ယူရာတွင် မှားယွင်း၍ ဖြစ်စေ ကျူးလွန်တတ်ကြပါတယ်။ တချို့ကမူ အလားတူမေ့လို့ပဲ ဖြစ်စေ၊ မှားယွင်း၍ ဖြစ်စေ၊

သဘောရိုးဖြင့် ဖြစ်စေ၊ စီရင်ပိုင်ခွင့်ရှိပါလျက်နဲ့ အခွင့်အာဏာကို သုံးစွဲ၍ စစ်ဆေးစီရင်ခြင်း မပြုဘဲလည်း နေတတ်ကြပါတယ်။ ထို့သို့သောအခါမျိုး၌ တရားလွှတ်တော်ချုပ်က အမှုခေါ်စာချွန်တော်ဖြင့် လိုအပ်သလို အမိန့်ချမှတ်ပေးခြင်းပြုရပါတယ်။ တစ်ခါတစ်ရံမှာလည်းပဲ တရားရုံးတစ်ခုခုက ချမှတ်လိုက်တဲ့ အမိန့်သည် မှားယွင်းနေကြောင်းကို အမိန့်စာပေါ်တွင်ပင် ပေါ်လွင်ထင်ရှား၍နေပါက အဲဒီအမိန့်မျိုးကို တရားလွှတ်တော်ချုပ်က တရားရုံးများ မဟုတ်သော်လည်း တရားစီရင်ဘိသကဲ့သို့ ပြည်သူတို့ရဲ့ အခွင့်အရေးကို ဆုံးဖြတ်သတ်မှတ်ပေးရတဲ့ အစိုးရအရာရှိများ၊ အစိုးရရုံးများသည်လည်း တရားလွှတ်တော်ချုပ်ရဲ့ ကြီးကြပ်ကွပ်ကဲခြင်းကို ခံယူကြရပါတယ်။ တရားလွှတ်တော်ချုပ်က ၎င်းတို့ကိုလည်း အမှုခေါ်စာချွန်တော် ထုတ်ဆင့်နိုင်ပါတယ်။ ဖော်ပြပါနည်းလမ်းအမျိုးမျိုးဖြင့် ပြည်သူတို့ရဲ့ အခွင့်အရေးတို့ကို အခြေခံဥပဒေဖြင့် အကာအကွယ်ပေး၍ ထားရှိပေးတာကိုလည်း လေ့လာတွေ့ရှိရမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေက စာချွန်တော်အမိန့် ၅ မျိုးထုတ်ပိုင်ခွင့်အာဏာကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အထူးအာဏာတစ်ရပ်အဖြစ် အပ်နှင်းခြင်း ဖြစ်ပါတယ်။ တရားလွှတ်တော်ချုပ်မှ တရားသူကြီးများဟာ ဥပဒေအထက်တွင် မရှိစေရပါ။ စာချွန်တော်လျှောက်ထားမှုများမှာ တရားသူကြီးများသည် မိမိတို့ ကြေညာဆုံးဖြတ်ချမှတ်ခဲ့သော စီရင်ချက်များနှင့်ပတ်သက်၍ တရားဥပဒေအရ တာဝန်ရှိသူများဖြစ်ပါတယ်။ မည်သို့ဆိုစေကာမူ သာနာညီမျှမှုကို တိုးတက်ဖြစ်ထွန်းလာစေသည့် သီးခြားတရားစီရင်ရေးစနစ်တစ်ရပ်ကြောင့် စာချွန်တော်မရှိလျှင် အမှန်မရှိနိုင်ဆိုသောမူတစ်ရပ် ပေါ်ပေါက်လာနေပါတယ်။

စာချွန်တော်ထုတ်ပိုင်ခွင့်အာဏာရှိသည့် တရားစီရင်ရေးစနစ်သည် သာမန်ဥပဒေဖြစ်တဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေမှ ပေါက်ဖွားလာခြင်းမဟုတ်ပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အထူးပြုအပ်နှင်းထားတဲ့ သီးခြားဂုဏ်ဒြပ်ရှိသော တရားစီရင်ရေးစနစ်တစ်ခုသာ ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် နိုင်ငံသားများကို စာချွန်တော် လျှောက်ထားပိုင်ခွင့် အထူးအခွင့်အရေးအဖြစ် ပေးထားခြင်းလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ တရားရုံးရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်၍ လျှောက်ထားသော အမှုခေါ်စာချွန်တော်အမိန့် အကြောင်းကို အထူးထပ်မံတင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် သဘာဝသာနာညီမျှမှုဥပဒေနှင့် ဆန့်ကျင်တဲ့မည်သည့် ဥပဒေမဆို ပျက်ပြယ်သည်၊ အပြီးအပြတ်အတည်ဖြစ်စေရမည်ဆိုတဲ့ စကားရပ်များပါရှိတဲ့ သာမန်ဥပဒေများဖြစ်ကြတဲ့ ပြည်ထောင်စုတရားစီရင်ရေးဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ

ခုံရုံးဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတို့ရဲ့ အမိန့်များအပေါ်မှာ စာချွန်တော်လျှောက်ထားမှုမပြုလုပ်ရဘူးလို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကန့်သတ်ချက်၊ ပြဋ္ဌာန်းထားခြင်းမရှိပါဘူး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည်သာ အမှုခေါ်စာချွန်တော်အမိန့်ထုတ်ပြန်၍ အမှုများကို ပြန်လည်သုံးသပ်နိုင်ပါတယ်။

စာချွန်တော်လျှောက်ထားမှုကို ခုံရုံးဖြင့်သာ ပြန်လည်စိစစ်ကြားနာခြင်းအပိုင်းမှာ စာချွန်တော်အမှုများကို အင်္ဂလန်နိုင်ငံဘုရင်ရဲ့ ခုံရုံးအဖွဲ့က ရုံးထိုင်စိစစ်ဆုံးဖြတ်ကြပါတယ်။ ထို့အတူ စာချွန်တော်လျှောက်ထားမှုများက သာမန်တရားစီရင်ရေးမဟုတ်သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေသက်ရောက်ရာနိုင်ငံများမှာလည်းပဲ တရားလွှတ်တော်ချုပ်မှ တရားသူကြီးများပါဝင်သော ခုံအဖွဲ့ဖြင့်သာ စိစစ်ကြရပါတယ်။ ၁၉၄၈ ခုနှစ် ပြည်ထောင်စုတရားစီရင်ရေးဥပဒေ ပုဒ်မ ၁၀ အပိုဒ်ခွဲ ၄ မှာ တရားလွှတ်တော်ချုပ်သည် မည်သည့်အမှုကိုမဆို သုံးဦးအောက်နည်းသော တရားဝန်ကြီးများက စီရင်ဆုံးဖြတ်ခြင်း မပြုရလို့ သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၇ ခုနှစ်ထိ မြန်မာနိုင်ငံတရားစီရင်ထုံးများကိုလည်း လေ့လာကြည့်လို့ရှိရင် တရားလွှတ်တော်ချုပ် တရားသူကြီး ၂ ဦးပါသော အဖွဲ့ဖြင့်သာ စာချွန်တော်လျှောက်ထားမှုများကို စိစစ်ကြားနာဆုံးဖြတ်ကြရပါတယ်။ စာချွန်တော်လျှောက်ထားမှုများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေက နိုင်ငံသားများကို အထူးပေးတဲ့ အခွင့်အရေးဖြစ်သောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှာ ရုံးထိုင်မည့် တရားသူကြီးများသည် ၂ ဦး သို့မဟုတ် ၃ ဦးသာ ဖြစ်သင့်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကိုဘာဘူပါ ၂ နှင့် ကိုကျင်သိန်း ၁၉၆၅ ခုနှစ် မ.တ.စ ၄၇၀။ တရားစီရင်ရေး၏ အနှစ်သာရတစ်ရပ်မှာ ရုံးရှေ့ရောက်လာကြတဲ့ နှစ်ဖက်အမှုများကို ပြည့်စုံစွာဦးစွာကြားနာရပါတယ်။ တစ်ယောက်ကပြောရုံဖြင့် ၎င်း၏ပြောဆိုချက်ကို လက်ခံဆုံးဖြတ်ရသည်မဟုတ်ပါ။ တစ်ဖက်ကိုလည်း ချေပခွင့်နှင့် ပြောဆိုရန်ရှိသည်တို့ကို ခွင့်ပြုပေးရပါတယ်။ ဒါကြောင့် စာချွန်တော်အမှုများကို တရားသူကြီးတစ်ဦးတည်းက စီရင်ဆုံးဖြတ်ပြီး ပလပ်သည့်အမိန့်များကို မိမိတို့ရဲ့ တရားမျှတမှုကျင့်စဉ်အတိုင်း ဆောင်ရွက်လေ့ရှိသည့် မိမိ၏ ကိုယ်ပိုင်အခွင့်အာဏာ ကိုကျင့်သုံး၍ ပြန်လည်သုံးသပ်ကာ ပယ်ဖျက်ပြီးတော့မှ ဥပဒေနှင့်အညီ တရားသူကြီး နှစ်ဦး သို့မဟုတ် သုံးဦးပါဝင်သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်ခုံရုံးဖြင့် ပြန်လည်ကြားနာစိစစ်ပေးရန် တောင်းဆိုပါတယ်။ ဒါကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးတစ်ဦးတည်းကို တာဝန်ပေးဆုံးဖြတ်စေခြင်းသည် အမှန်တရားနှင့်နီးစပ်သည်လို့ မယူဆပါ။

နီးလည်းမနီးစပ်နိုင်ပါ။ ဒီကိစ္စများဟာ အများပြည်သူအတွက် ဘဝင်မကျစရာဖြစ်သလို ခက်ခဲနက်နဲသော ဥပဒေပြဿနာကို အလေးအနက်ထား၍ ဖြေရှင်းသည်ဟုလည်း မယူဆကြပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့ ကြီးကြပ်ကွပ်ကဲခွင့်အာဏာကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရာလည်း မရောက်ပါ။ ဥပဒေနှင့်မညီတဲ့အပြင် သာနာညီမျှမှု အခွင့်အရေးကို မဖြစ်စေပါ။ အခြေခံဥပဒေမှ စာချွန်တော်အမိန့်များ ထုတ်ဆင့်ခြင်းဖြင့် နိုင်ငံသားတို့ရဲ့ အခွင့်အရေးတို့ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အကာအကွယ်ပေးစေရန် တာဝန်ပေးအပ်နှင်းထားခြင်းကို မမေ့အပ်ပါ။

အထက်ပါအကြောင်းများကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ စာချွန်တော်လျှောက်ထားမှုများဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားမှုများအပေါ်မှာ ဥပဒေနှင့်ညီညွတ်မှုမရှိတဲ့ (၁) အပိုဒ် ၄၄ တွင်ပါရှိတဲ့ ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ဒုတိယညွှန်ကြားရေးမှူးချုပ် တရားစီရင်ရေးသည် လျှောက်ထားလွှာကို လက်ခံရရှိတဲ့အခါ အမှုခေါ်စာချွန်တော်အမိန့်နှင့် တားမြစ်စေစာချွန်တော်အမိန့် လျှောက်ထားလွှာနှင့်အတူ စာချွန်တော်ဖြင့် ပယ်ဖျက်ပေးစေလိုတဲ့ အမိန့် သို့မဟုတ် အမှုတွဲမှတ်တမ်း သို့မဟုတ် အမှုဆောင်ရွက်ချက်များရဲ့ မိတ္တူမှန်များနှင့် လိုအပ်တဲ့ ကျမ်းကျိန်လွှာများ ပူးတွဲတင်ပြထားခြင်းရှိ၊ မရှိ စိစစ်ရပါမည်။ လျှောက်လွှာကို စိစစ်ရာမှာ အောက်ပါကိစ္စရပ်များ တွေ့ရှိပါက လက်ခံခြင်းမပြုရပါ။ ၎င်းတို့မှာ (က) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အပြီးအပြတ်အတည်ဖြစ်စေရမည်ဟု ပြဋ္ဌာန်းထားသည့် အဖွဲ့အစည်းတစ်ရပ်ရပ်၏ ဆုံးဖြတ်ချက်နှင့် ဆောင်ရွက်ချက်များအပေါ် တင်သွင်း လျှောက်ထားခြင်း။ (ခ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်ပြီးသည့် စာချွန်တော်အမိန့်ထုတ်ပေးရန် လျှောက်ထားမှုအပေါ်မှာ ထပ်မံ၍ တင်သွင်းခြင်း။ (ဂ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်ပြီးသည့် အမှုများအပေါ်တင်သွင်းလျှောက်ထားခြင်းစသည့် အပိုဒ် ၄၄ အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) တို့ကို ပယ်ဖျက်ပေးပါရန်။ (၂) အပိုဒ် ၄၇ တွင်ပါရှိတဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးသည် မိမိသဘောအရဖြစ်စေ၊ လျှောက်ထားသူအား ကြားနာ၍ ဖြစ်စေ၊ လျှောက်ထားခံရသူ သို့မဟုတ် လျှောက်ထားခံရသူများထံမှ အကြောင်းပြရန် ကနဦးဆုံးဖြတ်ချက်ချပေးနိုင်သည် သို့မဟုတ် ငြင်းပယ်နိုင်သည်။ စာသားအပိုဒ်ကို ပယ်ဖျက်၍ စာချွန်တော်အမိန့် လျှောက်ထားမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးနှစ်ဦး သို့မဟုတ် သုံးဦးပါဝင်သည့် မည်သည့် နည်းနှင့်မျှ စာချွန်တော်လျှောက်ထားမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး တစ်ဦးတည်းက ကြားနာခြင်းမပြုရန် တားမြစ်သည် စာသားဖြင့် အစားထိုးပေးပါရန်။ (၃) အပိုဒ် ၆၁ တွင် ပါရှိ

တဲ့ လျှောက်ထားမှုပြုလုပ်သည့်အမိန့်စာ သို့မဟုတ် အမှု သို့မဟုတ် ပြုမှုချက်ကို ပြုလုပ်သည့်နေ့မှ သုံးလအတွင်း စာချွန်တော်လျှောက်ထားတောင်းဆိုခြင်းမပြုခဲ့လျှင် မည်သည့်အမှုခေါ် စာချွန်တော်က ထုတ်ပေးခြင်းမပြုရ စသည့်အချက်အား ပယ်ဖျက်ပေးပါရန်။ (၄) တရားမျှတမှုအလို့ငှာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ တရားသူကြီးတစ်ဦးတည်းက အကျဉ်းနည်းဖြင့်ပလပ်ခဲ့တဲ့ ဥပဒေနှင့်ညီညွတ်ခြင်းမရှိတဲ့ ယခင်တရားရုံးချုပ်၏ အမိန့်၊ ဆုံးဖြတ်ချက်၊ စီရင်ချက်နှင့် ဒီဂရီတို့အပေါ်မှာ စာချွန်တော် အမိန့်ထုတ်ပေးရန် လျှောက်ထားမှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားသူကြီးနှစ်ဦး သို့မဟုတ် သုံးဦးပါဝင်သော ခုံအဖွဲ့ဖြင့် တရားရုံးတစ်ခုခုကြောင့် နိုင်ငံသားတစ်ဦးမှာ နစ်နာမှုမရှိစေသင့်ဟူသောမူအရ တရားမျှတမှုကို ရှေးရှုလျက် ပြန်လည်စိစစ်ကြားနာရန်အချက်ကို ထပ်မံဖြည့်သွင်းပေးပါရန် အဆိုကို တင်ပြအပ်ပါတယ်။ နိုင်ငံသူနိုင်ငံသား ပြည်သူများရဲ့အကျိုးကို မျှော်ကိုးလျက် ပြန်လည်စိစစ်ကြားနာရန်အချက်ကို ထပ်မံထည့်သွင်းပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုသူရဦးအောင်ကို တင်သွင်းထားတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသိန်းအောင်(တာချီလိတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ တာချီလိတ်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသိန်းအောင် ဖြစ်ပါတယ်။ ကန်ပက်လက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ကန့်သတ်ချက်အချို့ကို ပြင်ဆင်ပယ်ဖျက်ပေးပါရန် အဆိုအား လေးနက်စွာ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ သူရဦးအောင်ကိုတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကိုတင်သွင်းတဲ့အဆိုကို လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## သူရဦးအောင်ကို၊ ကန့်ပက်လက်မဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၁၂ ခုနှစ်၊ သြဂုတ်လ ၁၄ ရက် ၁၃း၀၀ နာရီအချိန်အရောက် ပြည်သူ့လွှတ်တော် ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းကြရန် ဖြစ်ပါတယ်။

**အချိန် ၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ရပ်နားပါ့မယ်။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[နေ့လယ်စာသုံးဆောင်ရန် အစည်းအဝေးကို ၂ နာရီ ၃၅ မိနစ်ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၄း၀၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် ကိုယ်စားလှယ်များတစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီးတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးသွားပါမယ်။ ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကိုယ်စားလှယ်ကြီးများထံဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားကို အသုံးပြုသွားမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ ဒီနေ့မနက် မိမိလွှတ်တော်ဥက္ကဋ္ဌထံသို့ တချို့လွှတ်တော်ကိုယ်စားလှယ်များမှ ပြင်ဆင်အဆိုပြုချက်များ တင်သွင်းထားတာရှိတဲ့အတွက် သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲ ရောက်ရှိတဲ့အခါမှာ အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက မိုက်ကရိုဖုန်းတောင်းပြီးတော့ ဆက်လက်တင်ပြဆောင်ရွက်နိုင်ကြောင်း ကြိုတင်အသိပေးလိုပါတယ်။ ပြင်ဆင်အဆိုပြုချက်များစတင်ဆောင်ရွက်ပါမယ်။ ကန့်လန့်ဖြတ်ဇယားအမှတ်စဉ် ၁ ကို ဥပဒေကြမ်းကော်မတီကတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းခေါင်းစဉ်က ဥပဒေကြမ်းကော်မတီမှာ ပြင်ဆင်ချက်အဆိုတင်သွင်းမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ) ၁၃၇၄ ခုနှစ် လ ရက် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟုအဆိုကို ပြင်ဆင်ချက်အဆိုကိုတင်သွင်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနမှ သဘောတူပါသလား။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အခန်း(၁) အပိုဒ် ၂ မူလအဆိုပြုချက်မှာ နိုင်ငံသားဆိုရာတွင် လူပုဂ္ဂိုလ်တစ်ဦးတည်းသဘော သက်ရောက်နေပါတယ်။ ဤဥပဒေအရ အတည်ဖြစ်သောအချိန်တွင် နိုင်ငံသားဆိုရာ၌ နိုင်ငံသား ပါဝင်သော ကော်မတီအဖွဲ့အစည်းများ တည်ထောင်လုပ်ကိုင်ရမည်သာဖြစ်ပါတယ်။ ဒို့အပြင် ဤဥပဒေ၏နောက်ပိုင်း ဥပဒေပြဋ္ဌာန်းချက်များတွင် စကားရပ်အားဖြင့် ပြန်လည်ညွှန်းဆိုသည့်အခါ လူပုဂ္ဂိုလ်တစ်ဦးတည်းကိုသာမက အဖွဲ့အစည်းကုမ္ပဏီများကိုပါ ပြန်လည်ညွှန်းဆိုရာမှာ စာပိုဒ်ကြီး တစ်ခုလုံးအစအဆုံး ရေးနေရမယ့်အစား ပြည့်ပြည့်စုံစုံ ပြန်ညွှန်းမယ်ဆိုရင် နိုင်ငံသားဆိုရာတွင် တစ်လုံးတည်းနဲ့ ကျစ်လစ်စွာ အဓိပ္ပာယ်ခြုံငုံလုံလောက်မိပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော် ဖြည့်စွက်တင်သွင်းလိုသည့်အဆိုမှာ နိုင်ငံသားဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသား ပြုခွင့် ရသူလည်းပါဝင်သည်။ ထို့အပြင် ယင်းစကားရပ်တွင် နိုင်ငံသားများဖြင့်သာ ဖွဲ့စည်းထားသော စီးပွားရေးအဖွဲ့အစည်းလည်းပါဝင်သည်ဟု တင်သွင်းအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအဖွဲ့အစည်းရဲ့ သဘောထားပြောပါ။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ အဲဒီမှာ ကျွန်တော် နည်းနည်းဆွေးနွေးပါရစေ။ ဒါကတော့ နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ (ဂ) အရ လိုအပ်သော အခြားပြင်ဆင်ချက် သို့မဟုတ် အသုံးအနှုန်းဆီလျော်ညီညွတ်စေရန် တင်ပြခြင်းဖြစ်ပါတယ်။ အဲဒါက ဘာလဲဆိုတော့ နိုင်ငံသားဆိုတဲ့ ဖွင့်ဆိုချက် နိုင်ငံခြားသားဆိုတဲ့ ဖွင့်ဆိုချက်ဟာ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေမှာပါတဲ့အတိုင်း ဖွင့်ဆိုသင့်ပါတယ်။ ဒီမှာပါတဲ့ ထိုပြင်ဆိုတဲ့အပိုဒ်များသည် နည်းဥပဒေမှာသော်လည်းကောင်း၊ လုပ်ထုံး လုပ်နည်းမှာသော်လည်းကောင်း ထည့်သွင်းသင့်ပါတယ်။ တည်ဆဲဥပဒေမှာ ဖွင့်ထားတဲ့ နိုင်ငံသား ဥပဒေမှာပါတဲ့ နိုင်ငံသား၊ နိုင်ငံခြားသားဆိုတဲ့ဖွင့်ဆိုချက်ကို ထပ်မံပြီးတော့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ဖွင့်ဆိုမယ်ဆိုရင် နောင်ဥပဒေချင်း ပဋိပက္ခဖြစ်လာနိုင်ပါတယ်။ မူလ အတည်ပြုထားတဲ့ ဥပဒေအတိုင်းသာဖွင့်ပြီးတော့ ကျန်တဲ့အပိုဒ်တွေကိုတော့ နည်းဥပဒေတို့၊ လုပ်ထုံးလုပ်နည်းတို့မှာ ထားတာက ပိုမိုသင့်လျော်မယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့် နည်းဥပဒေ ၁၅၈ နည်းဥပဒေခွဲ(ဂ)အရ အသုံးအနှုန်းဆီလျော်ညီညွတ်ဖို့ ပြင်ဆင်ပေးပါလို့ လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်တင်ပြ ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့သဘောထားပြောပါ။ ဆိုလိုသည်မှာ ဦးဝင်းသန်း တင်သွင်းတဲ့ ပြင်ဆင်ချက်အဆိုအပေါ် ဦးသိန်းညွန့်က ပြန်လည်ရှင်းလင်းတင်ပြတဲ့ ထပ်မံအဆိုပြုချက် အပေါ် ဆွေးနွေးခိုင်းခြင်းဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးသိန်းညွန့် တင်ပြထားတဲ့ အတိုင်း မူလဥပဒေရဲ့စာသားများကို ထည့်ထားခြင်းဖြစ်ပါတယ်။ ဒီဥပဒေကြမ်းကို ကျွန်တော်တို့ ညှိနှိုင်းဆောင်ရွက်တဲ့အချိန်အခါမှာ နောက်ပိုင်းကိစ္စရပ်များမှာ ဥပဒေရေးရာ စကားရပ်များပြည့်စုံရေး နဲ့ အဖွဲ့အစည်းနဲ့ပတ်သက်တဲ့ကိစ္စရပ်များဟာ နိုင်ငံသားရဲ့ Definition နဲ့ အကျုံးဝင်နေတဲ့အတွက် ဒီအပေါ်မှာတော့ ကျွန်တော်တို့ ဥပဒေကြမ်းက သဘောတူထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ မရှင်းပါဘူး။ ဘယ်အပေါ်မှာသဘောတူပါသလဲ။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ကျွန်တော်တို့ အခု ဦးဝင်းသန်း ပြင်ထားတဲ့အပေါ်မှာ သဘောတူထားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေရေးသားထားတဲ့ ဦးသိန်းညွန့်တင်ပြသလို နိုင်ငံသားဆိုရာတွင် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူလည်း ပါဝင်သည်လို့ ဆိုထားတာဟာ ဦးသိန်းညွန့် အနေနဲ့ နိုင်ငံသားအပေါ်မူတည်ပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုထားတာကို ရှင်းလင်းပြီး ပြန်လည်တင်ပြတာ ဟုတ်၊ မဟုတ် သိလိုပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ သားဥပဒေမှာ စကားရပ်များနှင့်ပတ်သက်ပြီးတော့ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များ သည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ပုဒ်မ ၂ ပုဒ်မခွဲ(ခ)မှာ နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုသည်။ ပုဒ်မခွဲ (ဂ) ဧည့်နိုင်ငံသားဆိုသည်မှာ ဤဥပဒေအရသတ်မှတ်ထားသော ဧည့်နိုင်ငံကိုဆိုသည်။ နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသား မဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်မရသောသူကိုဆိုလိုသည်။ တည်ဆဲပြဋ္ဌာန်းချက်ဥပဒေ တစ်ခု အတည်ဖြစ်နေတဲ့အချိန်မှာ နောက်ဥပဒေတစ်ခုမှာ အခုလို ထပ်ပြီးတော့ ဖွင့်ဆိုခြင်းသည် ဥပဒေသဘောတရားအရ မလုပ်သင့်မလုပ်ထိုက်ဘူးလို့ ကျွန်တော်ယူဆပါတယ်။ ဖြည့်ချင်ရင် ခုနက ဦးဝင်းသန်းတင်ထားတာရော၊ အရင် ဦးဒွေးမြင့်တင်ထားတာရော ထို့ပြင်ဆိုတဲ့ ပါတဲ့အပိုဒ်တွေဟာ နည်းဥပဒေ သို့မဟုတ် လုပ်ထုံးလုပ်နည်းမှာသာထည့်သင့်ပါတယ်။ နောင်ကို နိုင်ငံသားနဲ့ ပတ်သက် ပြီတော့ ဖွင့်ဆိုလာတဲ့အခါကျရင် ကျွန်တော်တို့တိုင်းပြည်မှာ ဥပဒေနှစ်မျိုးရှိသွားမှာပါ။ မြန်မာ

နိုင်ငံသားဥပဒေနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဆိုပြီး ဖြစ်လာပါတယ်။ အဲ့ဒါကြောင့် နည်းပဒေ ၁၅၈ နည်းဥပဒေခွဲ(ဂ)အရ ဥက္ကဋ္ဌကြီးကို လေးစားစွာတင်ပြရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါကြောင့် အမှတ်စဉ် ၂ အခန်း(၁) အပိုဒ် ၂ ကိစ္စနှင့်ပတ်သက်၍ ရေးထုံးနည်းမှန်အောင်နှင့် အဓိပ္ပာယ်သက်ရောက်မှု ပြည့်ဝစေရန်အတွက် ဥပဒေကြမ်းကော်မတီနှင့် ဥပဒေရေးရာလေ့လာသုံးသပ်မှုကော်မရှင်ကိုတာဝန်ပေးပါတယ်။ ဒီနေ့ အစီအစဉ်ပြီးတဲ့အခါမှာ ဒီကော်မတီ နှစ်ရပ်က ဘယ်လိုရေးနည်းကမှန်သလဲဆိုတဲ့ဟာကို ပြင်ပြီး လွှတ်တော်သို့ ပြန်လည်တင်ပြရန် ဖြစ်ပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်က တင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(သာပေါင်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃ နှင့် ၂ ဟာ ဖြည့်စွက်ရခြင်း ရည်ရွယ်ချက် အတူတူဖြစ်ပါတယ်။ ဥပဒေရေးထုံးနဲ့ နိုင်ငံသားပြုခွင့်ရတဲ့ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တစ်ဖက်ကဥပဒေနှင့် သွားငြိစွန်းနေတယ်ဆိုရင်တော့ ဥက္ကဋ္ဌကြီး ခုနက ဆုံးဖြတ်ပေးတဲ့အတိုင်းပဲ ဥပဒေကော်မရှင်နဲ့ ဥပဒေကြမ်းကော်မတီတို့ဘက်ကို လွှဲရမှာဖြစ်တဲ့အတွက် ကျွန်တော် အဆိုပြုချက်ကို ဤနေရာမှာ ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အနေနဲ့ အပိုဒ်ခွဲ(ဆ)အဖြစ် အဆိုပြုချက်ဆိုသည်မှာ ကမကထပြုသူက ရည်ရွယ်ထားသော ရင်းနှီးမြှုပ်နှံမှုအတွက် ခွင့်ပြုမိန့်ရရှိရန် ကော်မရှင်သို့ တင်သွင်းသော သတ်မှတ်သည့် လျှောက်လွှာနှင့်အတူ ပဋိညာဉ်စာချုပ်မူကြမ်း၊ ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများနဲ့ ကုမ္ပဏီဆိုင်ရာအထောက်အထားများကိုဆိုသည်ဟု ပြင်ဆင်တင်သွင်းလိုပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခြားတင်ပြ၊ ရှင်းလင်း၊ ကန့်ကွက်စရာရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၅ ဥပဒေကြမ်းကော်မတီမှတင်ပြဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဈ) (၂) ၏ ပြင်ဆင်ချက်အနေဖြင့် စက်ပစ္စည်း၊ စက်ကိရိယာ၊ စက်ကိရိယာအစိတ်အပိုင်း၊ စက်အရန်ပစ္စည်း၊ အသုံးအဆောင်တန်ဆာပလာများအပါအဝင် လုပ်ငန်းတွင် အမှန်တကယ်သုံးစွဲရန် လိုအပ်၍ နိုင်ငံတော်အတွင်း၌ မရရှိနိုင်သော ပစ္စည်းများဟု ပြင်ဆင်ချက်တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အခြားဆွေးနွေးရန်နှင့် ကန့်ကွက်ရန်ရှိရင် ပြောပါ။ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၆ ဥပဒေကြမ်းကော်မတီမှ တင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၆ အခန်း (၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်မှာ ဘဏ်ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုကို ဆိုသည်လို့ ပြင်ဆင်ခဲ့ပါတယ်။ မူလအဆိုပြုချက်က အစိုးရလို့ သုံးနှုန်းထားပါတယ်။ ဥပဒေကြမ်းကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များနှင့် အသုံးအနှုန်းများနှင့် ညီညွတ်စေရန်အတွက် ပြင်ဆင်ခြင်းဖြစ်ပါတယ်။ ဒါကြောင့် အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ(ဠ) ဘဏ်ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသော နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုကို ဆိုသည်ကိုသာလျှင် အတည်ပြုသင့်ပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ဆီလျော်ပါသဖြင့် လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကန့်ကွက်ရန်၊ ဆွေးနွေးရန် ရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ ဖြစ်ပါတယ်။ အမှတ်စဉ် ၇ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ် ၇ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဍ) ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်မှာ ရင်းနှီး မြှုပ်နှံမှုဆိုသည်မှာ နိုင်ငံတော်၏နယ်နိမိတ်အတွင်း ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ် ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်း အမျိုးမျိုးကိုဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင် သည်လို့ပြင်ဆင်ခဲ့ပါတယ်။ မူလပြဋ္ဌာန်းချက်ရဲ့ အောက်ဆုံးစာပိုဒ်မှာ အောက်ပါအချက်များ အကျုံးဝင် သက်ဆိုင်စေရမည်လို့ ဖော်ပြခြင်းကို ဥပဒေကြမ်းကော်မတီက အောက်ပါတို့လည်း ပါဝင်သည်။ အပိုဒ် အဖြစ် အရေးအသားကျစ်လျစ်ပြီး ဥပဒေရေးထုံးနှင့်အညီ ပြင်ဆင်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုဆိုသည်မှာ နိုင်ငံတော်၏ နယ်နိမိတ်အတွင်း ဤဥပဒေနှင့်အညီ ရင်းနှီးမြှုပ်နှံသူက ကြီးကြပ်ကွပ်ကဲသည့် ပိုင်ဆိုင်မှုပစ္စည်း အမျိုးမျိုးကို ဆိုသည်။ ယင်းစကားရပ်တွင် အောက်ပါတို့လည်း ပါဝင် သည်ဆိုတဲ့ ဖော်ပြချက်ကို အတည်ပြုသင့်ပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။သဘောတူ ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက် ဆွေးနွေးလိုသူ ရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ ပြင်ဆင်ချက်အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၈ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး ခင်ဗျား။ အခန်း(၁) အပိုဒ် ၂ (ဍ) မှာ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကတော့ ရွှေ့ပြောင်းနိုင် သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့် အညီ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များ ပြင်ဆင်ခဲ့ပါတယ်။ မူလပြဋ္ဌာန်းချက်က အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များလို့ ဖော်ပြထားပါတယ်။ တည်ဆဲဥပဒေများနှင့် လိုက်လျောညီထွေမှု ရှိစေရေးအတွက် ဥပဒေကြမ်း ကော်မတီက အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များအရှေ့မှာ ဥပဒေနှင့်အညီလို့ ကျွန်တော်တို့ ပြင်ဆင်ခဲ့ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ဍ) အပိုဒ်ခွဲငယ်(၁) ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် အခြားပစ္စည်းဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပေါင်ခံခွင့်နှင့် ပေါင်နှံခွင့်များဆိုတဲ့အပိုဒ်ကို အတည်ပြုသင့် ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ပိုမိုသင့်လျော်တဲ့အတွက် လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်၊ ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၉ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဌ) အပိုဒ်ခွဲငယ်(၅) အား အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်အဆိုမှာ သဘာဝသယံဇာတပစ္စည်းများရှာဖွေခြင်းနှင့် ထုတ်လုပ်ခြင်းဆိုင်ရာ အခွင့်အရေးများ အပါအဝင် သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် ပဋိညာဉ်စာချုပ်အရ ပေးအပ်ထားသည့် လုပ်ငန်းဆိုင်ရာ အခွင့်အရေးများဟု ပြင်ဆင်အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရသဘောထားပြောပါ။

**သူရဦးအောင်လွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ပိုမိုသင့်လျော်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်၊ ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ်(၁၀) ဖြစ်ပါတယ်။ အမှတ်စဉ်(၁၀) အခန်း(၁) အပိုဒ် ၂ နဲ့ ပတ်သက်ပြီး ဒီနေ့ဆွေးနွေး အတည်ပြုထားတဲ့ စီးပွားကုန်သွယ်ကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးဝင်းသန်း(စီးပွားရေးနဲ့ ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။မင်္ဂလာပါ ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူလက ဤဥပဒေကြမ်းကို ကျွန်တော်တို့ ပူးပေါင်းကော်မတီများ ဝိုင်းဝန်းပြီးတော့ စိစစ်သုံးသပ်တဲ့နေရာမှာ ဥပဒေကြမ်း၏ အပိုဒ်အလိုက်ကိုသာ စူးစမ်းပြီးတော့ စူးစိုက်ပြီးတော့ ကျွန်တော်တို့ သုံးသပ်ခဲ့ကြတာဖြစ်ပါတယ်။ အားလုံးပြီးစီးသွားတဲ့အချိန်မှာ ဥပဒေစာအုပ်အတွဲကြီးအဖြစ် ကျွန်တော်တို့ကော်မတီက ပြန်တွဲကြည့်ပါတယ်။ အချိန်အနည်းငယ်ရတဲ့

အခါမှာပဲ ပြန်တွဲကြည့်တဲ့အခါကျတော့ ရှေ့နောက်မညီညွတ်တဲ့အချက်အလက်လေးတွေ ပေါ်လာတဲ့အတွက် ကော်မတီအနေနဲ့ အချိန်မီ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီဥပဒေရဲ့ နောက်ပိုင်းစာသားတွေထဲမှာ စိုက်ပျိုးရေးနဲ့မွေးမြူရေးလုပ်ငန်းတစ်ရပ်ရပ်ကို ကန့်သတ်တဲ့သဘောအသွင်ဆောင်ထားပြီးတော့ နိုင်ငံသားတို့အကျိုးအတွက် ဖက်စပ်လုပ်ကိုင်မှသာလျှင် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောတူညီချက်နဲ့ ကော်မရှင်ကို လုပ်ကိုင်ခွင့်ပြုစေတဲ့ အတိုင်းအတာကို ပြန်လည်တွေ့ရှိရပါတယ်။ နောက်တစ်ခုကတော့ မြေအသုံးပြုခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်များမှာ ပြဋ္ဌာန်းချက်ရဲ့ တစ်နေရာမှာ လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေများကို လုပ်ကိုင်မယ်ဆိုရင်တောင်မှ ကန်ထရိုက်လယ်ယာစနစ်ဖြင့်သာ လုပ်ကိုင်ရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်လည်း ပါဝင်နေတာကို တွေ့ရှိရပါတယ်။ ဒီနေရာမှာ နိုင်ငံခြားသားက တိုက်ရိုက်ရာနှုန်းပြည့် လုပ်ခွင့်ရတဲ့၊ အသုံးပြုခွင့်ရတဲ့ အဓိပ္ပာယ်သဘော သက်ရောက်မှုမရှိပါဘူး။ နောက်တစ်ခုကတော့ ဒီဥပဒေဟာ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေဖြစ်ပါတယ်။ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေမဟုတ်ပါ။ သို့မဟုတ် တချို့သောနိုင်ငံများလို နှစ်ခုလုံးပေါင်းထားတဲ့ ဥပဒေမဟုတ်သေးတဲ့အတွက် နိုင်ငံခြားသားသက်သက်မှာတော့ အခြားပြဋ္ဌာန်းချက်များနဲ့ လိုက်လျောညီထွေဖြစ်အောင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတစ်ရပ်ရပ်ဆိုတဲ့ မြေအသုံးပြုခွင့်ကို ဒီအပိုဒ်မှာပါဝင်သွားဖို့ မသင့်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်အဆိုပြု တင်ပြလိုသည်မှာ အပိုဒ်ခွဲ(ဃ) မြေငှားရမ်းခွင့်ရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ရသူဆိုသည်မှာ နိုင်ငံတော်က သတ်မှတ်ထားသည့်မြေငှားခကို နိုင်ငံတော်သို့ ပေးဆောင်၍ သတ်မှတ်ထားသောကာလအပိုင်းအခြားအထိ စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်လုပ်ကိုင်ရန် မြေငှားရမ်းခွင့်ရရှိသူကို ဆိုသည်ဟု အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ ပိုမိုသင့်လျော်တဲ့အတွက် လက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန့်ကွက်ရန်၊ ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ရန်၊ ဆွေးနွေးရန်မရှိတဲ့အတွက် စီးပွားကုန်သွယ်ကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၁ ဦးစိုးသာက ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီအပိုဒ်မှာ နဂိုမူလက ကျွန်တော်တို့ ဤဥပဒေသည် ပြည်ထောင်စုအစိုးရ၏ ကြိုတင်သဘောတူညီ ချက်ဖြင့် ကော်မတီက အခါအားလျော်စွာသတ်မှတ်သော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်စေရ မည်လို့ ဖော်ပြထားပါတယ်။ ဒီမှာ ကျွန်တော်ဖြည့်စွက်တာကတော့ အခါအားလျော်စွာဆိုတာက နည်းနည်းလေး ဒီထက်ပိုပြီးတော့ Definite ဖြစ်တဲ့ကိစ္စရပ်မျိုးကိုပဲ ဥပဒေဆိုတာ ပြဋ္ဌာန်းဖို့ကောင်းပါ တယ်။ ဒါကြောင့်မို့လို့ ဤဥပဒေသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် ကော်မရှင်က အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်သော စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်စေရ မည်ဟူသော ဒီလိုလေးပြင်ဆင်အဆိုပြုပါတယ်။ အမိန့်ကြော်ငြာစာထုတ်ပြန်တယ်ဆိုတာ သတ်သတ် မှတ်မှတ်နဲ့ ဒါဥပဒေသဘောဆောင်တဲ့ထုတ်ပြန်ချက် ဒါကြောင့်မို့လို့ ဒီလို ဥပဒေထုတ်ပြန်တယ်ဆိုတာ အခါအားလျော်စွာ အစားထိုးပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ပိုမို ဆီလျော်တဲ့အတွက် လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ရန်နဲ့ ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ရန်၊ ဆွေးနွေးရန်မရှိတဲ့ အတွက် ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်ရဲ့ အဆိုအတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်က ဆွေးနွေး ပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နဂိုမူလပြဋ္ဌာန်းချက်မှာ ဒီအပိုဒ်က ဆိုလို့ရှိရင် ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံမှုဥပဒေမှာပါရှိတဲ့ နိုင်ငံသားရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုကို ခွဲခြားပြီးသော သတ်မှတ်ထားတဲ့အပိုဒ်လေး ဖြစ်ပါတယ်။ နိုင်ငံတကာဥပဒေမှာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်တဲ့အခါမှာ နိုင်ငံသားတွေကို ခွင့်ပြုပြီးတော့ နိုင်ငံခြားသားတွေကို စောင့်ကြည့် ပြီးတော့ ခွင့်မပြုဘူးဆိုတော့ ကန့်သတ်မယ့်အပိုဒ်လေးကို နိုင်ငံတိုင်းမှာ ထည့်သွင်းလျက်ရှိပါတယ်။ နိုင်ငံတကာသဘောတူညီချက်နဲ့လည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီအပိုဒ်ကတော့ ဥပဒေအရ သတ်မှတ်ပြီးတော့ ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီကျွန်တော်တို့ ပြည်ထောင်စု လွှတ်တော်ကနေပြီးတော့မှပဲ ဥပဒေအရ ပြဋ္ဌာန်းသတ်မှတ်ရမယ့်လုပ်ငန်းများ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်သဘောတူညီချက်ဖြင့် အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည်ဆိုတဲ့အစားကို အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်လုပ်ငန်းများအဖြစ် သတ်မှတ်သည်ဟု ပြင်ဆင်တင်ပြထားခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန့်ကွက်ရန်၊ ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ရန်၊ ဆွေးနွေးရန်မရှိတဲ့အတွက် ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဥပဒေကြမ်းကော်မတီအနေနဲ့ တာဝန်ရှိတဲ့သူအား စုဖွဲ့ပြီး စာမျက်နှာ ၁ အပိုဒ် ၂ ကိစ္စနှင့်ပတ်သက်ပြီး စာမျက်နှာ ၁ အပိုဒ် ၂၊ အပိုဒ် ၃ ကိစ္စများနှင့်ပတ်သက်ပြီး ဥပဒေကြမ်းကော်မတီနဲ့ ဥပဒေရေးရာလေ့လာရေးကော်မတီတို့ အပြင်ထွက်ပြီးဆွေးနွေးပြီးတော့ အချိန်မှီရင် ဒီနေ့ပဲတင်ပြဖို့ ဖြစ်ပါတယ်။ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌက တာဝန်ယူဆောင်ရွက်ပေးပါ။ အမှတ်စဉ် ၁၃ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၂) အပိုဒ် ၄၊ အပိုဒ်ခွဲ(ဃ)အား အဓိပ္ပာယ်ပိုမိုပြည့်စုံစေရန်အတွက် ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက်အဆိုမှာ သဘာဝအရင်းအမြစ် ပတ်ဝန်းကျင်နဲ့ဂေဟစနစ်တို့ကို ထိခိုက်ပျက်စီးစေသောလုပ်ငန်းများဟု ပြင်ဆင်အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ ပိုမိုသင့်လျော်တဲ့အတွက် လက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့် ကန့်ကွက်ရန်၊ ဆွေးနွေးရန် ရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၄၊ ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦးဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)။** ။ ဥက္ကဋ္ဌကြီးရှင့်။ အမှတ်စဉ် ၁၄ အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(င)မှာ နိုင်ငံတော်အတွင်းရှိ တိရစ္ဆာန်၊ ကျေးငှက်ဆိုတဲ့နေရာမှာ နိုင်ငံတော်အတွင်းရှိ ကုန်းနေရေနေဆိုတဲ့ သတ္တဝါဆိုတဲ့အထဲမှာ တိရစ္ဆာန်ရယ်၊ ကျေးငှက်ရယ် ပါသွားတဲ့ အတွက်ကြောင့်မို့လို့ ကျွန်မက နိုင်ငံတော်အတွင်းရှိ ကုန်းနေရေနေသတ္တဝါများ၊ သစ်ပင်၊ ပန်းမန်၊ စိုက်ပျိုးသီးနှံ၊ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ၊ သယံဇာတပစ္စည်းများ၊ မြစ်ရေစီးကြောင်းများ၊ မြစ်ဆိပ်များစသည်တို့ကို ထိခိုက်စေနိုင်သောလုပ်ငန်းများဟု ပြင်ဆင်ပါတယ်။ ပြင်ဆင်ရတဲ့ အကြောင်းအရင်းကတော့ ခုနက တိရစ္ဆာန်ကိစ္စကတော့ ပြီးသွားပါပြီ။ ရှေးဟောင်းအမွေအနှစ်ပစ္စည်းများဆိုတဲ့ကိစ္စမှာ ရှေးဟောင်းအမွေအနှစ်ပစ္စည်းဆိုတာက ရှေးပျူခေတ်က ပစ္စည်းတွေတောင် အခုခေတ် တွေ့နေတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီပစ္စည်းတွေက တန်ဖိုးသတ်မှတ်လို့လည်းမရ၊ အစားထိုးပေးလို့လည်း မရနိုင်အောင် တန်ဖိုးရှိတဲ့ ပစ္စည်းတွေဖြစ်လို့ ထည့်သွင်းရခြင်း ဖြစ်ပါတယ်။ နောက်သယံဇာတပစ္စည်းဆိုတဲ့အခါမှာလည်း အဖိုးတန်ကျောက်မျက်ရတနာထွက်တဲ့ တိုင်းပြည်ဖြစ်တဲ့အတွက်ကြောင့် အဖိုးတန်သတ္တုတွေ ဥပမာ-အိုင်ဗန်ဟိုးကုမ္ပဏီက ရိုးရိုးသတ္တု၊ ကြေးစင်သတ္တု တူးဖော်ရင်းနဲ့ ရွှေထွက်တဲ့ဟာမျိုးတွေ နမူနာထားပြီးတော့ ကျွန်မက သယံဇာတပစ္စည်းများကို ထည့်သွင်းရခြင်းဖြစ်ပါတယ်။ နောက်မြစ်ရေစီးကြောင်းများ၊ မြစ်ဆိပ်များဆိုတဲ့အခါမှာ တပ်မတော်ရေတပ်မှာ တာဝန်ထမ်းဆောင်ဖူးတဲ့သူများလည်းသိမှာပါ။ သောင်ရင်းမြစ်ကို ရေစီးရေလာပြောင်းအောင် လုပ်လိုက်ပြီးတော့ သောင်ထွန်းအောင်လုပ်လိုက်ပါတယ်။ တစ်ဖက်နိုင်ငံက သောင်ထွန်းတဲ့အခါ အဲဒီပေါ်မှာ အိမ်တွေဆောက်လို့ ပြဿနာတွေ ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတော့ မြစ်ရေစီးကြောင်းကို ပြောင်းခြင်းအားဖြင့် သောင်ထွန်း၊ သောင်ထွန်းပြီးတော့ တစ်ခါတိုင်းပြည်ရဲ့ မြေနေရာချဲ့ထွင်တဲ့ ကိစ္စတွေမှာပါ မြစ်ရေစီးကြောင်းများ၊ မြစ်ဆိပ်များစသည်တို့ကို ထိခိုက်စေနိုင်သော လုပ်ငန်းများဆိုပြီးတော့ ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ပြန်ပြောရမယ်ဆိုရင် နိုင်ငံအတွင်းရှိ ကုန်းနေရေနေသတ္တဝါများ၊ သစ်ပင်၊ ပန်းမန်၊ စိုက်ပျိုးသီးနှံ၊ ရှေးဟောင်းအမွေအနှစ် ပစ္စည်းများ၊ သယံဇာတပစ္စည်းများ၊ မြစ်ရေစီးကြောင်းများ၊ မြစ်ဆိပ်များ စသည်တို့ကို ထိခိုက်စေနိုင်သောလုပ်ငန်းများဟု ပြင်ဆင်ချင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။လက်ခံနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ကန့်ကွက်ရန်၊ ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်၊ ဆွေးနွေးသူမရှိတဲ့အတွက် ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်မြောက်ပိုင်းရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၅၊ ဥပဒေကြမ်းကော်မတီမှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း အခန်း(၂) အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)နဲ့ပတ်သက်ပြီးတော့ မူလအဆိုပြုပြဋ္ဌာန်းချက်ကတော့ နိုင်ငံတကာသဘောတူညီချက်များအရ အဆိပ်အတောက်ရှိသော ဓာတုပစ္စည်းထုတ်လုပ်မှုစက်ရုံများ သို့မဟုတ် အသုံးပြုသောလုပ်ငန်းများ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းအနေနဲ့ ပြင်ဆင်ချင်တာကတော့ အဆိပ်အတောက်ဆိုတဲ့ နေရာမှာ အဆိပ်အတောက်လို့ အမည်နာမတပ်ထားတဲ့အရ တစ်မျိုးတည်းကိုသာ ကန့်သတ်ရာ ရောက်ပါတယ်။ တကယ်တော့ အဆိပ်လို့ နာမည်မတပ်ဘဲနဲ့ ဘေးဖြစ်စေတဲ့ဆေးဝါးတွေ တစ်ပုံကြီး ထွက်ရှိနေတဲ့အတွက်ဘေးအန္တရာယ်ရှိသောဆိုတဲ့စကားစုကိုထည့်လိုက်တဲ့နေရာမှာအဆိပ်အတောက် ရော ကျန်တဲ့ဘေးဖြစ်စေတဲ့ပစ္စည်းအားလုံးပါ ပါဝင်သွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ဥပဒေကြမ်း အနေနဲ့ ပြင်ဆင်တင်ပြချင်တာကတော့ အပိုဒ် ၄ အပိုဒ်ခွဲ(ဆ)၊ နိုင်ငံတကာသဘောတူညီချက် များအရ ဘေးအန္တရာယ်ရှိသော ဓာတုပစ္စည်းထုတ်လုပ်တဲ့စက်ရုံများ သို့မဟုတ် အသုံးပြုသည့် လုပ်ငန်းများလို့ ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချက်ကို အတည်ပြုပေး နိုင်ပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ပိုမိုသင့်လျော်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၆၊ ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဝင်းမြင့်(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအပိုဒ်ကဆိုလို့ရှိရင်တော့ ကျွန်တော်တို့ နိုင်ငံခြားသားများကို လုပ်ကိုင်ခွင့်

ကန့်သတ်ထားတဲ့ အပိုဒ်များအနက်မှ တစ်ပိုဒ်ဖြစ်ပါတယ်။ ဒီအပိုဒ်မှာဆိုလို့ရှိရင် နိုင်ငံသားများ လုပ်ကိုင်နိုင်တဲ့ အသေးစား၊ အလတ်စားကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံခြားသားများ လုပ်ကိုင်မှုမှ ကန့်သတ်ထားခြင်း၊ ပြုထားရခြင်း ဖြစ်ပါတယ်။ ဘာကြောင့် ပြုထားရသလဲဆိုလို့ရှိရင်တော့ ကျွန်တော်တို့ နိုင်ငံတကာ Investment Law တွေ ညှိနှိုင်းကြတဲ့ အခါမှာလည်းပဲ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုတွေ လာလို့ နိုင်ငံအတွင်းက ရင်းနှီးမြှုပ်နှံမှုတွေ ထိခိုက်နိုင်မယ်ဆိုလို့ရှိရင် ဒါဆောင်ရွက်ခြင်း မပြုဖို့ဆိုတဲ့ သဘောတူညီချက်ရှိထားပါတယ်။ နောက်တစ်ခုကလည်းပဲ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေး ဦးတည်ချက်ထဲမှာပါတဲ့ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နဲ့ နိုင်ငံသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေးဟူတဲ့အချက်နဲ့လည်း ပတ်သက်ပြီးတော့ ဒီကိစ္စကို ထည့်သွင်းထားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ ပုဒ်မ ၅ မှာ ပြန်ဖြေထားတဲ့အချက်ပါတဲ့အတွက် လက်ခံပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်၊ ဆွေးနွေးရန်မရှိတဲ့အတွက် ဒေါက်တာဝင်းမြင့်၊ လှိုင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၁၇၊ အသစ်ဖြည့်စွက်ချက် ဖြစ်ပါတယ်။ မူလပြဋ္ဌာန်းချက် မရှိပါဘူး။ ဦးအေးမြင့်၊ အင်းစိန်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအေးမြင့်(အင်းစိန်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း အခန်း(၂) ပုဒ်မ ၄ မှာ အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ကန့်သတ်သည် သို့မဟုတ် တားမြစ်သည့်လုပ်ငန်းများ အဖြစ် သတ်မှတ်နိုင်သည်ဟုဆိုပြီးတော့ ပုဒ်မခွဲ(က)မှ (ဆ)အထိ ဖော်ပြထားပါတယ်။ ကျွန်တော်တို့ အနေနဲ့ မူလပြဋ္ဌာန်းချက် မရှိပါဘူး။ ထပ်မံအသစ်ပြဋ္ဌာန်းခြင်း ဖြစ်ပါတယ်။ ထပ်မံအသစ် ပြဋ္ဌာန်းခြင်းရဲ့ ရည်ရွယ်ချက်ကလည်း နိုင်ငံခြားမှ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများသည် ပြည်ပမှ စမ်းသပ်ဆဲသို့မဟုတ် အတည်မပြုရသေးသည့် နည်းပညာများ၊ ဆေးဝါးများကို သယ်ဆောင်လာပြီးတော့ မိမိနိုင်ငံနှင့် ပြည်သူလူထုကို အသုံးချခြင်း၊ စမ်းသပ်ခြင်းများ ဆောင်ရွက်လျှင် ပြည်သူလူထုအတွက်

မမျှော်မှန်းနိုင်သော ဘေးအန္တရာယ်များနှင့် နိုင်ငံတော်အတွက် သဘာဝပတ်ဝန်းကျင်များကိုပါ ထိခိုက်လာနိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေဖြင့် အသစ်ထပ်မံဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ ဖြည့်စွက်ရတဲ့အချက်ကတော့ ပြည်ပမှစမ်းသပ်ဆဲဖြစ်သော သို့မဟုတ် အသုံးပြုရန် အတည်ပြုချက် မရရှိသေးသော နည်းပညာများ၊ ဆေးဝါးများ၊ အသုံးအဆောင်များ၊ သယ်ဆောင်လာနိုင်သည့် လုပ်ငန်းများဟု ထပ်မံဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ပုဒ်မ ၅ မှာ ပြန်ဖြေထားတာရှိတဲ့အတွက်ကြောင့် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန် မရှိတဲ့အတွက် ဦးအေးမြင့်၊ အင်စိန်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈၊ ဦးဝင်းဦး ရေဖြူမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အမှတ်စဉ် ၁၈၊ ၁၉၊ ၂၀ မှာ မူလပြဋ္ဌာန်းချက် မရှိပါဘူး။ ကျွန်တော့်အနေနဲ့ ဒီအခန်း(၂) ပုဒ်မ ၄ မူလပြဋ္ဌာန်းချက်မရှိတဲ့ နေရာမှာ ဖြည့်စွက်တင်ပြလိုခြင်းဖြစ်ပါတယ်။ သို့သော်လည်း ဒီအပိုဒ် ၃ ခု ဟာ ကျွန်တော်တို့ လုပ်ငန်းအမျိုးအမည်သာ ကွဲပြားသွားပေမယ့် အဓိပ္ပာယ်နဲ့ဆိုလိုရင်း ရှင်းပြဖို့က တစ်ဆက်တစ်စပ်တည်း ရှင်းပြခွင့်ရှိရင် ရှင်းပြပါရစေခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ အမှတ်စဉ် ၁၈၊ ပုဒ်မ ၄ ပုဒ်မခွဲ(ည)ဖြစ်ပါတယ်။ ကျွန်တော်ဖြည့်စွက်တင်ပြလိုတာကတော့ နိုင်ငံတော် သို့မဟုတ် နိုင်ငံသားများနှင့် ဖက်စပ်လုပ်ကိုင်ခြင်းမဟုတ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် နှစ်တိုနှစ်ရှည်စိုက်ပျိုးရေးလုပ်ငန်းများ၊ အမှတ်စဉ် ၁၉ မှာ နိုင်ငံတော် သို့မဟုတ် နိုင်ငံသားများနှင့် ဖက်စပ်လုပ်ကိုင်ခြင်းမဟုတ်သော မွေးမြူရေးလုပ်ငန်းများ၊ အမှတ်စဉ် ၂၀ မှာ နိုင်ငံတော် သို့မဟုတ် နိုင်ငံသားများနှင့် ဖက်စပ်လုပ်ကိုင်ခြင်းမဟုတ်သော မြန်မာ့ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများ ဖြစ်ပါ တယ်။ ကျွန်တော်တို့ ဖြည့်စွက်လိုခြင်း အကြောင်းအရင်းကတော့ ကျွန်တော်တို့ နိုင်ငံဟာ စိုက်ပျိုး မွေးမြူရေးကို အခြေခံထားတဲ့ စီးပွားရေးလုပ်ငန်းများဟာ အဓိကဖြစ်ပြီးတော့ ကျွန်တော်တို့ နိုင်ငံသား ၇၀ ရာခိုင်နှုန်းလောက်က ဒီလုပ်ငန်းများပေါ်မှာပဲ အသက်မွေးဝမ်းကျောင်းပြုနေကြ ပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ နိုင်ငံမှာရှိတဲ့ သဘာဝ ရေ၊ မြေ၊ တောတောင် သယံဇာတများ

အားလုံးကို နိုင်ငံတော်မှ ပိုင်ဆိုင်ပါတယ်။ နိုင်ငံတော်ကိုလည်း ကျွန်တော်တို့ နိုင်ငံသား တိုင်းရင်းသားအားလုံးက ပိုင်ဆိုင်ပါတယ်။ အဲ့ဒီအတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ပိုင် ရေ၊ မြေ၊ သဘာဝသယံဇာတများကို နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလက်ထဲကို ထည့်လိုက်ရတဲ့အခါကျရင် ကျွန်တော်တို့ နိုင်ငံသားများ လုပ်ကိုင်ခွင့်မရှိတော့ဘဲ အလုပ်သမားအဖြစ်သာ သွားရောက်လုပ်ကိုင် နေရမှာ စိုးရိမ်တဲ့အတွက် ကျွန်တော်တို့ ဒီအပိုဒ်များကို ထပ်မံဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ တားမြစ် ကန့်သတ်သည်ဆိုပေမယ့် လုံးဝမလုပ်ရဘူးလို့ ကျွန်တော်တို့ မတားမြစ်ထားပါဘူးခင်ဗျား။ တကယ်လို့ နိုင်ငံတော်နဲ့နိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများ အကျိုးရှိမယ်ဆိုရင် ပြည်ထောင်စု အစိုးရအဖွဲ့များက ဆုံးဖြတ်ပြီးတော့ လုပ်ကိုင်ခွင့်လည်း ကျွန်တော်တို့ ပြုထားပါတယ်။ ဒီအတွက်ကြောင့် ဒီအပိုဒ်တွေကို ဖြည့်စွက်ခွင့်ပြုပါလို့ ကျွန်တော်တို့ တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထား ပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အဲဒီ အမှတ်စဉ် ၁၈ ရယ်၊ ၁၉ ရယ်၊ ၂၀ ရယ်က ကျွန်တော်တို့ Choice ပေးထားပါတယ်။ တစ်ခုက ဦးဝင်းဦး ရေဖြူ မဲဆန္ဒနယ် တင်ပြတာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဒေါက်တာဝင်းမြင့် လှိုင်မဲဆန္ဒနယ် တင်ပြတာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ တင်ပါတဲ့ နိုင်ငံတော် သို့မဟုတ် နိုင်ငံသားများနဲ့ ဆက်စပ်လုပ်ကိုင်ခြင်းမဟုတ်သော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် နှစ်တို နှစ်ရှည် စိုက်ပျိုးရေးလုပ်ငန်းဆိုပြီးတော့ ကျွန်တော်တို့ ထည့်ချင်ပါတယ်။ အလားတူပဲ အောက်မှာလဲ အလားတူပဲ ကျွန်တော်တို့ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်က တင်ပြတဲ့အတိုင်း မွေးမြူရေးကိစ္စ နောက် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းလည်း ထည့်ချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့က လုံးဝကြီး ပိတ်လိုက်တာထက်စာရင် ကျွန်တော်တို့ အခုလို နိုင်ငံတော်နှင့် နိုင်ငံသားများ ဖက်စပ်လုပ်ကိုင်ခြင်း မဟုတ်သော ထည့်လိုက်ခြင်းအားဖြင့် Investor အတွက် ပိုပြီးတော့ Thinking ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ထည့်သွင်းချင်တာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆိုနဲ့ ပတ်သက်ပြီးတော့ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များရဲ့ကန့်လန့်ဖြတ်ဇယားမှာ ပါကောင်းမှပါပါလိမ့်မယ်။ သီးခြားထပ်တင်ပြထားတဲ့ကိစ္စဖြစ်ပါတယ်။ ဒီအမှတ်စဉ်က အမှတ်စဉ် ၂၀ နှင့် ၂၁ ကြားမှာ အခန်း (၂) အပိုဒ် ၄ ရဲ့အသစ်ဖြစ်ပါတယ်။ ဒီအဆိုပြုချက်ကို ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဖွံ့ဖြိုးရေးကော်မတီမှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေးဖြူမဲဆန္ဒနယ်)**။ ။ လေးစားရိုသေရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မူလပြဋ္ဌာန်းချက်မရှိပေမယ့် နိုင်ငံတော်အတွက် အရေးကြီးတယ်လို့ ထင်ရတဲ့အတွက် ယုံကြည်တဲ့အတွက် အသစ်ထပ်မံပြင်ဆင်ရန် တင်ပြလိုပါတယ်ခင်ဗျား။ ကျွန်တော်တို့ ထပ်မံပြင်ဆင်ချက်ကတော့ အပိုဒ် ၄ အပိုဒ်ခွဲ(ဥ) ဖြစ်ပါတယ်ခင်ဗျား။ နိုင်ငံတော်၏ နယ်နိမိတ်နှင့် ထိစပ်လျက်ရှိသော နယ်စပ်မျဉ်းမှအတွင်းဘက်အနည်းဆုံး ၁၀ မိုင်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဆိုပြီးတော့ ထည့်သွင်းချင်ပါတယ်။ ကျွန်တော်တို့ရှင်းပြရရင်တော့ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပထဝီအနေအထား အရဆိုရင် အိမ်နီးချင်းနိုင်ငံများနှင့် ထိစပ်မှုဟာ ရှည်လျားစွာရှိနေပါတယ်။ အဲ့ဒီနေရာ နယ်စပ်တော်တော်များများမှာလည်း ငြိမ်းချမ်းရေးကိစ္စများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်တဲ့အတွက်ကြောင့် အုပ်ချုပ်မှုအာဏာပြည့်ဝစွာ မသက်ရောက်နိုင်သေးတဲ့ နယ်မြေများလည်း ရှိနေပါသေးတယ်။ အဲ့ဒီအခါမှာ လုံခြုံရေးနှင့် အခြားသက်ဆိုင်ရာဌာနများရဲ့စီမံ ခန့်ခွဲမှုများပြည့်ဝအောင် လုပ်နိုင်ဦးမှာ မဟုတ်သေးပါဘူးခင်ဗျား။ အဲ့ဒီအခါကျရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုလိုက်မယ်ဆိုရင် နိုင်ငံခြားသားများရဲ့လုံခြုံရေး၊ နိုင်ငံသားများရဲ့အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရန်လိုအပ်နေဦးမှာ ဖြစ်ပါတယ်ခင်ဗျား။ အကယ်၍ ခွင့်ပြုရမည်ဆိုပါကလည်း သေချာစွာစိစစ်ပြီးမှ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာမထိပါးရေးအတွက် ကာကွယ်စောင့်ရှောက်ပေးသွားရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ လက်ဝယ်တွင်သာထားရှိခွင့်ပြုမယ်ဆိုရင်တောင်မှ အဲ့ဒီ နိုင်ငံသားများကို သေချာစွာစိစစ်ပြီးမှ ခွင့်ပြုသင့်ပါကြောင်း တင်ပြလိုပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဖွံ့ဖြိုးရေးကော်မတီရဲ့ အဆိုပြုချက်အားကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုဖွံ့ဖြိုးရေးကော်မတီရဲ့ပြင်ဆင်တင်ပြချက်အဆိုအတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၁ စာမျက်နှာ ၄ ဖြစ်ပါတယ်။ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားရိုသေရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၂) အပိုဒ် ၅ စောစောက ကျွန်တော်တို့ပုဒ်မ ၄ မှာ တားမြစ်ကန့်သတ်ခဲ့တဲ့ အချက်အလက်တွေကို အကယ်၍နိုင်ငံတော် သို့မဟုတ် နိုင်ငံသားများပါဝင်ပြီး တိုင်းရင်းသားပြည်သူများရဲ့ အကျိုးစီးပွားအလို့ငှာ လုပ်ကိုင်ခွင့်ပြုရမယ်ဆိုရင် လုပ်ကိုင်ခွင့်ပြုနိုင်အောင် ကော်မရှင်နှင့် အစိုးရအဖွဲ့အား အပ်နှံခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ဖြည့်စွက်လိုတဲ့အပိုဒ်ကတော့ ပုဒ်မ ၄ အရကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော် သို့မဟုတ် နိုင်ငံသားများပါဝင်သည့် တိုင်းရင်းသားပြည်သူများ၏အကျိုးအလို့ငှာဖက်စပ်လုပ်ငန်းအဖြစ်လုပ်ကိုင်ပါက ကော်မရှင်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏အတည်ပြုချက်ကိုရယူ၍ခွင့်ပြုနိုင်သည်ဟူ၍ ထည့်ထားခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေရာမှာ မူလလွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားမှာ တချို့စကားလုံးတွေမပါနိုင်ပါဘူး။ ဒါကြောင့်မို့လို့ ဦးဝင်းဦးဖတ်သွားတဲ့နေရာမှာပိုပြီးတော့ရှင်းလင်းအောင် ကျွန်တော်ထပ်ပြီးတော့ဖတ်ပြပါ့မယ်။ ပုဒ်မ ၄ အရကန့်သတ်သည့် သို့မဟုတ် တားမြစ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို နိုင်ငံတော် သို့မဟုတ် နိုင်ငံသားများပါဝင်သည့် ဖက်စပ်လုပ်ငန်းအဖြစ်လုပ်ကိုင်ပါက ကော်မရှင်သည် နိုင်ငံတော်နှင့် နိုင်ငံသား အထူးသဖြင့် တိုင်းရင်းသားပြည်သူများ၏အကျိုးစီးပွားအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ကို ရယူ၍ခွင့်ပြုနိုင်သည်ဆိုတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မပါသေးတဲ့ဇယားမှာ ခုနကစာသားကိုဖြည့်ဖို့ ဖြစ်ပါတယ်။ အထူးသဖြင့်တော့ ဒီဟာကိုမှတ်တမ်းအဖြစ်ထားရှိပြီးဆောင်ရွက်မယ့်ဇယားမှာအတည်ပြုပြင်ဆင်ချက်ဆောင်ရွက်ပေးဖို့ သက်ဆိုင်ရာလွှတ်တော်အစည်းအဝေးကော်မတီသို့တာဝန်ပေးပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြုချက်ကို အစိုးရအဖွဲ့က သဘောတူပါသလား။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်အဆိုပြုချက်အပေါ် ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဦးဝင်းဦး၊ ရေဖြူမဲဆန္ဒနယ်ရဲ့ပြင်ဆင်တင်ပြချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၂ ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်မှဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကိုကြည့်မယ်ဆိုရင် ကိစ္စရပ်အားလုံးလောက်ကိုပဲ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၊ ပြည်ထောင်စုအစိုးရကို လုပ်ပိုင်ခွင့်အကုန်လုံးပေးထားတာတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံတော်မှာ ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်တွေရှိခဲ့တဲ့ အတွေ့အကြုံအရဆိုရင် အချို့အချို့သောကိစ္စရပ်များဟာ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ပြည်ထောင်စုအစိုးရသာမက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြီးမှ ဆောင်ရွက်သင့်တဲ့ကိစ္စမျိုးတွေလည်း အတွေ့အကြုံအရ ရှိနေပါတယ်။ ဒါကြောင့်မို့လို့ ကော်မရှင်၊ ပြည်ထောင်စုအစိုးရတင်မကဘဲနဲ့ ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီးမှ ဆောင်ရွက်သင့်တဲ့ကိစ္စရပ်တွေရှိနိုင်ပါတယ်။ အဲ့ဒီကိစ္စရပ်မျိုးဆိုလို့ရှိရင် ပြည်ထောင်စုလွှတ်တော်သို့တင်ပြပြီးမှ ပြည်ထောင်စုလွှတ်တော်ရဲ့သဘောတူညီချက်ဖြင့် ဆောင်ရွက်ခွင့်ပြုသင့်တယ်လို့ ဒီလိုကျွန်တော်တို့ မြင်တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ၂၂ မှာ အပိုဒ် ၆ ကို အသစ်ဖြည့်စွက်အပ်ပါတယ်။ ဒါလေးကို ဖတ်ကြားတင်ပြပါ့မယ်။ အပိုဒ် ၆ ကော်မရှင်သည် အောက်ဖော်ပြပါလုပ်ငန်းများ နှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့်ဆောင်ရွက်ရမည်။ (က) နိုင်ငံတော်နှင့် နိုင်ငံသား များ၏အကျိုးစီးပွားအတွက် မဟာဗျူဟာမြောက်ထူးခြားသည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (ခ) နိုင်ငံ ဖြတ်ကျော်အကျိုးသက်ရောက်မှုဖြစ်ပေါ်သည့်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (ဂ) နိုင်ငံတော်တစ်ဝန်းလုံး နှင့် လွှမ်းခြုံ သက်ဆိုင်သော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ (ဃ) ရင်းနှီးမြှုပ်နှံမှုပမာဏအလွန်ကြီးမားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများဆိုပြီးတော့ ဒီလိုအဆိုပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘော တူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၃ ဦးအောင်သိန်းလင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေမှာ ရည်ရွယ်ချက်ကိုအသစ်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ မူလကတော့ မပါပါဘူး။ ရည်ရွယ်ချက်အနေနဲ့ နိုင်ငံတော်၏ကြွယ်ဝသောသယံဇာတပစ္စည်းများကို ဖော်ထုတ်၍ ပြည်သူများ လောက်ငှစွာသုံးစွဲခံစားနိုင်ကြစေရန်နှင့် ပိုလျှံလာသည်တို့ကို ပြည်ပသို့တင်ပို့ရောင်းချနိုင်စေရန်၊ လုပ်ငန်းများ တိုးတက်ကျယ်ပြန့်လာသည်နှင့်အမျှ ပြည်သူတို့အတွက်လည်း အလုပ်အကိုင်များ ပေါ်ပေါက်ပေါများလာစေရန်၊လူသားအရင်းအမြစ်ဖွံ့ဖြိုးလာစေရန်၊အခြေခံအဆောက်အဦများဖြစ်သော ဘဏ်နှင့် ငွေကြေးဆိုင်ရာလုပ်ငန်းများ၊ အဆင့်မြင့်လမ်းမကြီးများ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ် ထားသည့် အဝေးပြေးလမ်းများ၊ အမျိုးသားလျှပ်စစ်နှင့် စွမ်းအင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ ခေတ်မီ သတင်း အချက်အလက်များပါဝင်သော အဆင့်မြင့်နည်းပညာများ ဖွံ့ဖြိုးစေရန်၊ ဆက်သွယ်ရေး ကွန်ရက်များ နိုင်ငံတကာအဆင့်မီ ရထား၊ သင်္ဘော၊ လေယာဉ်များစသော ပို့ဆောင်ရေးလုပ်ငန်းများ အပါအဝင် ပညာရပ်နယ်ပယ်အသီးသီး နိုင်ငံတော်တစ်ဝန်းလုံးဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံသားများ နိုင်ငံတကာနှင့် ယှဉ်တွဲလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် နိုင်ငံတကာစံနှုန်းနှင့်အညီ စီးပွားရေးလုပ်ငန်း များနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများပေါ်ထွန်းလာစေရန် ရည်ရွယ်ပါသည်ဆိုတာ ဖြည့်စွက်ထားတာ ဖြစ်ပါတယ်။ သာမန်အားဖြင့်ကြည့်မယ်ဆိုရင်တော့ ဥပဒေမှာမူဝါဒတွေလည်းပါတာ ဖြစ်ပါတယ်။ မူဝါဒတွေထဲက အချက်တချို့နှင့် ရည်ရွယ်ချက်ထဲကအချက်တချို့လည်း ဆင်တူယိုးမှားလေးဖြစ်နေ တာကို တွေ့နိုင်ပါတယ်။ ဒါပေမယ့် မူဝါဒနှင့်ရည်ရွယ်ချက်ဆိုတာကတော့ ကွဲပြားပါတယ်။ မူဝါဒ ကတော့ လုပ်ငန်း Guide လုပ်တဲ့သဘောပါပဲ။ ရည်ရွယ်ချက်ကတော့ မိမိတို့ရည်မှန်းထားတဲ့ဟာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခေတ်မီ IT အစား သတင်းအချက်အလက်ဆိုတာလေး ပြန်ပြောင်း ချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခေတ်မီ IT အစား ခေတ်မီသတင်းအချက်အလက်နှင့် နည်းပညာ ICT ဖြစ်မှာ ပေါ့နော်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ခေတ်မီ IT အစား ICT မြန်မာလိုကျတော့ သတင်းအချက်အလက်နှင့် နည်းပညာအပါအဝင်ဆိုတာနှင့်ပတ်သက်ပြီး ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဦးအောင်သိန်းလင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၄ ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခြေခံမူများဟာ နိုင်ငံခြားရင်းနှီးမတည်ပြီးတော့ လုပ်နိုင်တဲ့လုပ်ငန်းတွေမှာ တကယ်ကိုအခြေခံရမယ့်မူများဖြစ်တဲ့အကြောင်း ဒါဟာအားလုံး သုံးသပ်မိအောင်တင်ပြခြင်း ဖြစ်ပါတယ်။ ဒီအခြေခံမူထဲမှာထည့်သွင်းထားချက်တွေဟာ အကယ်၍များ လပ်သွားခဲ့ရင်ကျန်သွားခဲ့ရင် နိုင်ငံသားများနှင့် နိုင်ငံတော်အတွက် အကျိုးစီးပွားတွေ နောင်မှာမခြုံငုံမိပဲဖြစ်မှာဖြစ်တဲ့အတွက် မူလအဆိုပြုချက်ဖြစ်တဲ့ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ အဓိကရည်ရွယ်ချက်များကို အထောက်အကူပြုရေးဆိုတဲ့အပိုဒ်ကို အားလုံး နိုင်ငံတော်နှင့်နိုင်ငံသားများ ဒီနေ့လက်ရှိမှာ မဆောင်ရွက်နိုင်သေးတဲ့လုပ်ငန်းတွေ အများကြီးရှိပါတယ်။ ဒါဟာလည်းပဲ ငွေကြေးအင်အားမပြည့်စုံသေးတဲ့ကာလ ဖြစ်တဲ့အတွက် အဓိကမဆောင်ရွက်နိုင်ခြင်း ဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ နောင်တစ်ချိန်မှာ Sanction တွေပြုတ်သွားတဲ့အချိန်မှာ ငွေကြေးအင်အားတွေကလည်း ကျွန်တော်တို့နောက်မှာ တကယ်အင်နှင့်အားနှင့်ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံသားနှင့် နိုင်ငံတော်ဟာ လုပ်ဆောင်နိုင်တဲ့လုပ်ငန်းတွေ ကျန်ရှိနေမှာဖြစ်ပါတယ်။ အဲ့ဒီအချိန်မှာ ကာလအရ အကောင်အထည်ဖော်နိုင်မယ့်ကိစ္စရပ်များကိုလည်း အထောက်အကူပြုဖို့ ဒီဥပဒေကလိုအပ်တဲ့အတွက် ကျွန်တော့်အနေနဲ့ စောစောကထက်ပိုမိုပြည့်စုံသွားအောင် ဖြည့်စွက်ပြီးတော့ အကြံပြုထားခြင်း ဖြစ်ပါတယ်။ အကြံပြုချက်ကတော့ အမျိုးသားစီးပွားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း၏ အဓိက

ရည်မှန်းချက်များ၊ နိုင်ငံတော်နှင့် နိုင်ငံသားများက မဆောင်ရွက်နိုင်သေးသော ငွေကြေးအင်အားနှင့် နည်းပညာမပြည့်စုံသောလုပ်ငန်းများကို အထောက်အကူပြုရေးဆိုပြီးတော့ ပိုမို ပြည့်စုံခိုင်လုံပြီးတော့ အချိန်နှင့်ကာလခြုံငုံမိအောင် တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အထူး ဆီလျော်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ဦးခင်မောင်ဦးအဆိုနှင့်ပတ်သက်ပြီးတော့ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဦးခင်မောင်ဦး၊ မုံရွာရဲ့ပြင်ဆင်အဆိုပြုချက် အတည်ဖြစ် ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဦး၊ မုံရွာကဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။ အခု အခန်း(၃)၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဠ)မှာ မူလအဆို မရှိပါဘူး။ မူလအဆိုမရှိတဲ့အချိန်မှာ ဒီဟာလေးဘာကြောင့် ဖြည့်စွက်ရသလဲဆိုတာလေး အနည်းငယ် တင်ပြခွင့်ပြုပါ။ ကျွန်တော်တို့မှာ သတင်းအချက်အလက်ဆိုတဲ့နေရာမှာ စီးပွားရေးလုပ်ဆောင်တဲ့ နေရာမှာ သတင်းအချက်အလက်ဟာ အင်မတန်အရေးကြီးပါတယ်။ အဲဒီတော့ နိုင်ငံနဲ့အနှံ့အပြား ကမ္ဘာ့နိုင်ငံ အများအပြားရှိတဲ့ စီးပွားရေးဈေးကွက်တွေ သတင်းအချက်အလက်တွေ စီးပွားရေး ဈေးကွက်တွေရဲ့ ဈေးနှုန်းသတင်းအချက်တွေနဲ့တကွ ကုန်ပစ္စည်းများရဲ့လိုအပ်ချက် သတင်း အချက်အလက်တွေ ဒီကုန်ပစ္စည်းတွေရဲ့ တကယ့်အမှန်တကယ် ဖြစ်သင့်ဖြစ်ထိုက်တဲ့ အရည်အသွေး စံချိန်စံညွှန်းမီဖို့ အချက်အလက်တွေဟာ စီးပွားရေးတည်ဆောက်ရာမှာ အထူးလိုအပ်ပါတယ်။ ကျွန်တော်တို့ ထုတ်လုပ်တဲ့ပစ္စည်း၊ ရောင်းဝယ်တဲ့ပစ္စည်း ဆက်စပ်လုပ်ကိုင်ရတဲ့ လုပ်ငန်းစု အင်အားတွေရဲ့ပမာဏ အကြောင်းအချက်တွေကို မသိဘဲနဲ့ လုပ်ငန်းတစ်ခုကချမှတ်လို့ မရနိုင်ပါဘူး။ ဒါကြောင့် အခြေခံမူထဲမှာ ဒါဟာ လိုအပ်တယ်ဆိုပြီးတော့မှ ကျွန်တော် သုံးသပ်မိပါတယ်။ ဒါကြောင့်လည်းပဲ ပုဒ်မခွဲ(ဍ)အနေနဲ့ ကျွန်တော် ဖြည့်ဆည်းထားတာကတော့ သတင်းအချက်အလက် နှင့် နည်းပညာရယူဖလှယ်နိုင်ရန် အထောက်အပံ့ဖြစ်စေဖို့လည်း အခြေခံမူထဲမှာ ထည့်သွင်းဖို့ လိုမယ်လို့ထင်ပြီးတော့ တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဦးရဲ့ အဆိုပြုချက်ကို ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန်မရှိတဲ့အတွက် ဦးခင်မောင်ဦးရဲ့ ပြင်ဆင်အဆိုတင်ပြပြချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သိန်းလင်း တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးအောင်သိန်းလင်း(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ နိုင်ငံတော် အချုပ်အခြာအာဏာနဲ့ နိုင်ငံတော်ရဲ့လုံခြုံရေးကို မထိခိုက်စေရေးဆိုတာလည်း မူဝါဒတစ်ရပ်အနေနဲ့ ကျွန်တော်ဖြည့်စွက်လိုပါတယ်ခင်ဗျား။ ဒါကလည်း ဒီကမ္ဘာ့နိုင်ငံတွေ၊ ဖြစ်စဉ်တွေမှာ ပြန်ကြည့်မယ်ဆိုရင် ရင်းနှီးမြှုပ်နှံမှုကို အကြောင်းပြုပြီးတော့မှ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ လုံခြုံမှုထိခိုက်တဲ့ ဖြစ်စဉ်မျိုးတွေ ယခင်ကလည်း ရှိခဲ့ပြီးဖြစ်ပါတယ်။ နောက် အခုကျွန်တော်တို့ လုပ်မယ့် ဥပဒေဟာလည်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေဖြစ်တဲ့အတွက် နိုင်ငံခြားသားနဲ့ လုပ်ရမှာဖြစ်ပါတယ်။ နိုင်ငံခြားသားနဲ့ လုပ်တဲ့အခါမှာ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာနဲ့ ကျွန်တော်တို့ ပြည်သူတွေရဲ့ လုံခြုံမှုမထိခိုက်ဖို့ အရေးကြီးတယ်လို့ ယူဆတဲ့အတွက် နိုင်ငံတော် အချုပ်အခြာအာဏာနဲ့ ပြည်သူများရဲ့ လုံခြုံမှုမထိခိုက်စေရေးဆိုတဲ့ မူဝါဒတစ်ရပ်ကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်အဆိုပြုချက်အပေါ် ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန်မရှိတဲ့အတွက် ဦးအောင်သိန်းလင်း တောင်ဥက္ကလာပမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Investment မှာ ကျွန်တော်တို့က Production တို့ ထုတ်လုပ်မှုတွေ ဒီ GDP စီးပွားဖွံ့ဖြိုးတိုးတက်ဖို့ အခုထိ ကျွန်တော်တို့ မရပါ။ ဒါတွေ တကယ်တမ်းဖြစ်ဖို့ဆိုတာက နိုင်ငံသူနိုင်ငံသားများရဲ့ အသိပညာ

ဒီကိစ္စတွေပါ ကျွန်တော်တို့ မြင့်ဖို့လိုပါတယ်။ နောက်တစ်ခါ ကျွန်တော်တို့ အတတ်ပညာတွေပါ မြင့်မားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့နိုင်ငံတွေမှာ ကျွန်တော်တို့ရဲ့ နိုင်ငံသူနိုင်ငံသားတွေကို အသိပညာနဲ့ အတတ်ပညာဖွံ့ဖြိုးတိုးတက်အောင် လာပြီးရင်းနှီးမြှုပ်နှံဖို့ကိစ္စတွေဟာလည်း ကျွန်တော်တို့ နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဒီအပိုဒ်ကို နိုင်ငံသားများ၏ အသိပညာနဲ့အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေးကို ဒါ ထည့်သွင်းအဆိုပြုတင်ပြခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုပြုချက်ကို ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဦးစိုးသာရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(ကမာရွတ်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနှင့် ဖြည့်စွက်ထားတဲ့အဆိုပြုချက် တင်ပြချင်တာကတော့ ဘဏ်လုပ်ငန်းတွေနှင့်ဆိုင်တဲ့ အဆိုပြုချက်ဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုရဲ့ အဓိကအကျဆုံးဟာ ငွေကြေးဖြစ်ပါတယ်။ ငွေကြေးပမာဏများများ လာရင်းနှီးမြှုပ်နှံမှ သက်ဆိုင်တဲ့လုပ်ငန်းတွေက လည်ပတ်နိုင်မှာဖြစ်ပါတယ်။ ဘဏ်လုပ်ငန်းစနစ်တကျဖွံ့ဖြိုးတိုးတက်မှ ငွေကြေးစီးဆင်းမှု မှန်ကန်လာပြီးတော့ လုပ်ငန်းတွေဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတကာစံချိန်စံညွှန်းနဲ့အညီ ဘဏ်နှင့်ဘဏ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုတဲ့အဆိုကို ထည့်သွင်းထားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားကိုသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဒေါက်တာစိုးရင်ရဲ့ ပြင်ဆင်တင်ပြချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးစိုးသာ၊ တွံတေးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးသာ(တွံတေးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ပုံမှာ ရင်းနှီးမြှုပ်နှံမှုလုပ်တဲ့အခါမှာ ဒီမှာ Production နဲ့ပဲ ဦးစားပေးပြီးတော့ စဥ်းစားလေ့ရှိကြပါတယ်။ ဒါပေမယ့် ကျွန်တော်တို့တိုင်းပြည်မှာ ကျန်တဲ့ကဏ္ဍတွေပါ အကုန်လုံး အထောက်အကူပြုပြီး ဖွံ့ဖြိုးတိုးတက်ရန်လိုတဲ့ Basic services ဆိုတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေ ကျွန်တော်တို့နိုင်ငံမှာ မပြည့်စုံသေးပါဘူး၊ မလုံလောက်သေးပါဘူး။ Basic services ဆိုတဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေက ပြည်သူ အများအတွက်ဝန်ဆောင်မှုလုပ်ငန်းတွေက ကျွန်တော်တို့နိုင်ငံမှာ အများကြီးလိုအပ်နေပါသေးတယ်။ မြန်မာနိုင်ငံသားတွေနဲ့ချည်းဘဲ ဒါကို ဖြည့်ဆည်းလို့လည်း ကျွန်တော်တို့ တစ်နိုင်ငံလုံးမြန်မြန်ဆန်ဆန် ရသွားဖို့ကနည်းနည်းလေး လိုအပ်နေပါသေးတယ်။ အချိန်ပေးရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံမှာပြည်သူတွေအားလုံး အသုံးပြုနိုင်ရန် ထပ်ပြီးတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုရန် အခြေခံလိုအပ်ချက်ဖြစ်တဲ့ အဲဒီလို ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာဖို့ လည်းအရေးကြီးပါတယ်။ ဒါကြောင့်မို့လို့ ဒီမှာအဆိုပြုထားတဲ့နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် လိုအပ်သော ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ ပေါ်ပေါက်လာစေရေးဆိုတာဟာ အခြေခံမူမှာထည့်သွင်း အတည်ပြုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့သဘောထားကိုသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ဦးစိုးသာရဲ့အဆိုကို အတည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ဦး၊ မုံရွာမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ဦး(မုံရွာမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်က စွမ်းအင်နှင့်သယံဇာတများကို ပြည်တွင်းသုံးစွဲမှု ရေတိုရေရှည်အသုံးပြုနိုင်ရန် ဖူလုံစေရေးဆိုတဲ့အကြောင်းအချက်ဟာ အခြေခံမူအရင်းအမြစ်ဖြစ်ပါတယ်။ ဒီစွမ်းအင်နှင့်သဘာဝဓါတ်ငွေ့တွေကို (နေ၊ ရေ၊ လေ၊ ကျောက်မီးသွေးစသည်ဖြင့်) အဲဒါတွေကို ထုပ်လုပ်ပြီးသုံးတဲ့ စွမ်းအင်တွေဟူသမျှဟာ ကျွန်တော်တို့နိုင်ငံမှာလိုအပ်ချက်တွေများပါတယ်။ များတဲ့လိုအပ်ချက်တွေကို ဖြစ်လာစေချင်လို့ ကျွန်တော်တို့က ဖြစ်လာစေချင်လို့ ဖန်တီးပေမယ့် ကျွန်တော်တို့ ပိုင်ဆိုင်မှုဒီထဲမှာ သုံးစွဲခွင့်မရသေးဘဲနဲ့ အပြင်မှာ

ထွက်သွားတယ်ဆိုရင် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့ အကျိုးစီးပွားဟာ ရှိသင့်သလောက်မရှိဘဲနဲ့ လစ်ဟင်းမှာစိုးတဲ့အတွက် ကျွန်တော်ဒီအပိုဒ်ကို ဖြည့်ဆည်းပြီးတော့ အခြေခံရမယ့်မူထဲမှာ ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်၏ ထည့်စေချင်တဲ့ အကြောင်းကတော့ နိုင်ငံတော်စွမ်းအင်နှင့် သယံဇာတများကို ပြည်တွင်းသုံးစွဲမှုရေတိုရေရှည်ဖူလုံစေရေး အပိုဒ်ဆိုတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားကို သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန်မရှိတဲ့အတွက် ဦးခင်မောင်ဦးရဲ့အဆိုအတည်ဖြစ်ကြောင်းကြေညာအပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီ ကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း အခန်း(၄) အပိုဒ် ၆ အဆိုပြုပြင်ဆင်ချက်ကတော့ ရင်းနှီးမြှုပ်နှံမှုကို အောက်ပါရင်းနှီးမြှုပ်နှံမှုပုံစံတစ်ခုခုဖြင့် ပြုလုပ်နိုင်သည် ဖြစ်ပါတယ်။ ရှေးဦးစွာ ပြင်ဆင်တာကတော့ အပေါ်မှာ အပိုဒ် ၅၊ ၆၊ ၇ ကို ထပ်မံဖြည့်စွက်တဲ့အတွက်ကြောင့် အပိုဒ် ၆ ဟာ အပိုဒ် ၉ ဖြစ်သွားတယ်။ စာသားအနေနဲ့အဆိုပြုပြင်ဆင်ချက်ကတော့ ရင်းနှီးမြှုပ်နှံမှုဆိုတာကို နှစ်ကြိမ်ထပ်မံပြီးတော့ ဖော်ပြထားတဲ့အတွက် ဒါဟာဥပဒေရေးထုံးနဲ့ ပိုပြီးဆီလျော်စေရန် ရင်းနှီးမြှုပ်နှံမှုကို အောက်ပါပုံစံတစ်ခုခုဖြင့် ပြုလုပ်ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ချက်ကိုအတည် ပြုပေးနိုင်ရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားကိုသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ လက်ခံသဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၆ အမှတ်စဉ် ၃၂ ဖြစ်ပါတယ်။ စီးပွားကုန်သွယ်ကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီ။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဤအခန်းကတော့ ရင်းနှီးမြှုပ်နှံမှုပုံစံ Investment form အောက်မှာရှိပါတယ်။ ဆိုလိုတာကတော့ နိုင်ငံခြားသားက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မယ်ဆိုရင် ၁၀၀ ရာခိုင်နှုန်းနဲ့ ရင်းနှီးမြှုပ်နှံမယ့် ပုံစံတွေလည်း ရှိနိုင်ပါတယ်ဆိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ကော်မတီအနေနှင့် နိုင်ငံခြားသားကဆိုတဲ့ရှေ့မှာ ကော်မရှင်က ကန့်သတ်ထားတဲ့ လုပ်ငန်းများမှအပဆိုတဲ့စကားရပ်ကို ထည့်လိုက်တာနဲ့ပဲ နိုင်ငံခြား ရင်းနှီးမြှုပ်နှံတဲ့သူက မည်သည့်အမျိုးအစားကိုမျှ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှု မလုပ်နိုင်တော့ ဘူးလို့တားမြစ်တဲ့သဘောသက်ရောက်ခြင်း မရှိပါဘူး။ နောက်တစ်ခုက ကျွန်တော်တို့ လက်ထဲကို အစိုးရအဖွဲ့မှတစ်ဆင့် ရောက်ရှိနေတဲ့ Schedule to the Asian Comprehensive Investment Agreement (SACIA)ဆိုတဲ့ သဘောတူညီထားတဲ့ အချက်တွေနဲ့လည်း ဆန့်ကျင်ခြင်းမရှိပါဘူးခင်ဗျား။ နောက်တစ်ခုကတော့ ကော်မရှင်တွေအနေနဲ့လည်း ဤဥပဒေထဲမှာ ကန့်သတ်တဲ့အချက်တွေကို စုပြုံဖော်ပြနေစရာမလိုအပ်တော့ဘဲနဲ့ သက်ဆိုင်ရာ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ပြီးတော့ ဆက်လက်ဆောင်ရွက်နိုင်တဲ့ လုပ်ပိုင်ခွင့်လည်း ဆက်လက်ရရှိသွားမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ပြင်ဆင်ချက်အဆိုမှာ ကော်မရှင်က ကန့်သတ်ထားသည့်လုပ်ငန်းများမှအပ နိုင်ငံခြားသားက နိုင်ငံခြားမတည်ငွေရင်း၊ ငွေရင်းမှာ ဝစ္စနှစ်လုံးပေါက် ကျန်ခဲ့ပါတယ်။ ငွေရင်းရာခိုင်နှုန်းအပြည့်ဖြင့် ပြုလုပ်ခြင်းဆိုတဲ့ ပြင်ဆင်ချက်အဆိုအား အတည်ပြုပေးနိုင်ပါရန် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)။** ။ လက်ခံနိုင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကန့်ကွက် ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် စီးပွားရေးနှင့်ကုန်သည်လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ အမှတ်စဉ် ၃၃ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစတီးဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြင်ဆင်ချက်ဇယားစာမျက်နှာ ၆ အမှတ်စဉ် ၃၃ အခန်း(၄) အပိုဒ် ၆ အပိုဒ်ခွဲ(ဂ)မှာ မူလအဆိုပြု ပြဋ္ဌာန်းချက်အနေနဲ့ နှစ်ဦးနှစ်ဖက် သဘောတူညီသည့်

ပဋိညာဉ်စာချုပ်ပါစနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်းလို့ ပြဋ္ဌာန်းပါရှိပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်ကတော့ မူလပြဋ္ဌာန်းချက်ထဲမှ နှစ်ဦးနှစ်ဖက်သဘောတူညီသည့် ဟူသည့် မူလစကားရပ်အစား လုပ်ငန်းဆိုင်ရာလို့ အစားထိုးပြင်ဆင်ထားပါတယ်။ တဖန် မူလပြဋ္ဌာန်းချက်ထဲမှ စနစ်တစ်ခုခုရဲ့ရှေ့မှာ ဥပဒေနှင့် ညီညွတ်သောလို့ စကားရပ်ကို ဖြည့်စွက်ထားရှိပါတယ်။ ပြင်ဆင်ရတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ လုပ်ငန်းဆိုင်ရာချုပ်ဆိုသည့် ပဋိညာဉ်သည် ဥပဒေနှင့်မညီညွတ်လျှင် ပျက်ပြယ်သွား မှာဖြစ်၍ ဥပဒေနှင့်ညီညွတ်သော မူလစကားရပ်ကို ဖြည့်စွက်ထားခြင်းမှာ ပိုမိုပြည့်စုံခြုံငုံစေနိုင်တဲ့ အတွက် ပြင်ဆင်ချက် အပိုဒ် ၉ (ဂ)၊ လုပ်ငန်းဆိုင်ရာ ပဋိညာဉ်စာချုပ်ပါ ဥပဒေနှင့်ညီညွတ်သောဟူသော စနစ်တစ်ခုခုဖြင့် ဆောင်ရွက်ခြင်းလို့ ပြင်ဆင်ချက်ကို အတည်ပြု ပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ညှိနှိုင်းပြီးဖြစ်တဲ့အတွက် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက် ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၄ ဦးဝင်းဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃၄ မှာ မူလအဆိုပြုချက်မှာတော့ ပုဒ်မ ၆ အရ ရင်းနှီးမြှုပ်နှံမှုပုံစံဖွဲ့စည်းရာတွင် (၁) တစ်ဦးတည်းပိုင်လုပ်ငန်းအဖြစ်လည်းကောင်း၊ Limited ကုမ္ပဏီအဖြစ်လည်းကောင်း ဖွဲ့စည်းနိုင်သည်ဆိုပြီး ပြဋ္ဌာန်းထားပါတယ်။ ကျွန်တော်တို့က အဲ့ဒီအပိုဒ်ကို အားလုံးပြည့်စုံအောင်ရယ်၊ နောက် ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့် ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်အောင်ရယ်၊ အဓိပ္ပာယ်ပြည့်ဝအောင်ရယ်၊ ပြင်ဆင်လိုတာကတော့ တည်ဆဲဥပဒေနှင့်အညီ ကုမ္ပဏီအဖြစ်ဖွဲ့စည်းရမည်လို့ ကျွန်တော်တို့ ပြင်ဆင်ပါတယ်။ ကုမ္ပဏီအဖြစ်ဆိုရာမှာ Limited သော်လည်းကောင်း၊ Unlimited သော်လည်းကောင်း၊ Public Listed သော်လည်းကောင်း၊ တစ်ချိန်ချိန်မှာ ဖြစ်လာနိုင်တဲ့အတွက် အခုကတည်းက ပြင်ဆင်ပြီး ပြည့်စုံအောင် ဖြည့်ပေးထားတာဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ပိုမိုဆီလျော်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက် ဆွေးနွေးရန်ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန်မရှိတဲ့အတွက် ဦးဝင်းဦး ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဦး ဆက်လက်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဝင်းဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ဥက္ကဋ္ဌကြီးခင်ဗျား။ အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ ဖော်ပြထားတာကတော့ နိုင်ငံခြားသားက ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ကနဦး ရင်းနှီးမြှုပ်နှံမှုပမာဏ အနည်းဆုံး အမေရိကန်ဒေါ်လာ ၅ သန်း သို့မဟုတ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် ယင်းနှင့်ညီမျှသော နိုင်ငံခြားသုံးငွေပါဝင်ရမည်ဟူ၍ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေါ်လာ ၅ သန်း လို့ သတ်မှတ်ထားတာဟာ အဲ့ဒီထက်နည်းတဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ခွင့်မပြုဘူးလို့ ဆိုလိုတာမဟုတ်ပါဘူးခင်ဗျား။ အဲဒီထက်နည်းတဲ့ ရင်းနှီးမြှုပ်နှံမှုတွေအားလုံးကိုလည်း ကော်မရှင်ရဲ့ သဘောထားနဲ့ ခွင့်ပြုနိုင်ပါတယ်။ သို့သော်လည်း ဒီ ၅ သန်းထဲမှာ ကျွန်တော်တို့ ငွေကြေး၊ နည်းပညာများ၊ စက်ကိရိယာများ၊ ကျွန်တော်တို့ Cast , Technology , Transfer နဲ့ In kinds တွေအားလုံးကို ပါဝင် ရင်းနှီးမြှုပ်နှံလို့ရှိရင် ကျွန်တော်တို့ MIC ရဲ့ အထူးခွင့်ပြုချက်များ၊ အထူးခံစားခွင့်များ၊ Incentive များကို ရရှိနိုင်တယ်လို့ ကျွန်တော် ဆိုလိုခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထား သိလိုပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက် ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက် ဆွေးနွေးရန် မရှိတဲ့အတွက် ဦးဝင်းဦးရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီအနေနဲ့ စာမျက်နှာ ၁ အပိုဒ် ၂၊ စာမျက်နှာ ၁ အစီအစဉ် ၂၊ ၃ နဲ့ပတ်သက်လို့ ပြင်ဆင်ရေးသားမှုရလို့ရှိရင်တင်ပြပါ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စောစောတုန်းက ဦးသိန်းညွန့် တင်ပြတဲ့ နိုင်ငံသားကိစ္စနှင့် ပတ်သက်ပြီးမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်း အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)နဲ့ (င)ပါ ကိစ္စရပ်များကို

ကျွန်တော်တို့ ဥပဒေကြမ်းအဖွဲ့နဲ့ ဥပဒေကော်မရှင်များအဖွဲ့ကနေပြီးမှ အပြင်မှာ လေ့လာပြီး ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်။ ရရှိတဲ့အဖြေကို ဆန်းစစ်တွေ့ရှိချက်များကို ကျွန်တော့်အနေနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပြဋ္ဌာန်းချက်ပါ ပြဋ္ဌာန်းချက်နဲ့အညီ နိုင်ငံသား သို့မဟုတ် နိုင်ငံသားဖြစ်ခွင့်ရသူကို ရည်ညွှန်းဖော်ပြထားခြင်း ဖြစ်ပါတယ်။ ဒီဥပဒေဟာ စီးပွားရေးနဲ့သက်ဆိုင်နေတဲ့ဥပဒေ ဖြစ်တဲ့အတွက် နိုင်ငံသားများဖြင့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များကို ရည်ညွှန်းထားခြင်းပဲဖြစ်ပါတယ်။ ပိုမိုပြည့်စုံအောင် တင်ပြပါအတိုင်း ကျွန်တော်တို့ ဖော်ပြထားခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့ နိုင်ငံသားဖြစ်မှု၊ ဧည့်နိုင်ငံသားဖြစ်မှုတို့ကို အငြင်းပွားခြင်း၊ နိုင်ငံသားဥပဒေပြဋ္ဌာန်းချက်ကို ဆန့်ကျင်ခြင်း မဟုတ်ကြောင်းလည်း တင်ပြလိုပါတယ်။ အလားတူပဲ နိုင်ငံခြားသားဟုဆိုရာမှာလည်း နိုင်ငံခြားသား များဖြင့် ဖွဲ့စည်းထားတဲ့ စီးပွားရေးအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အသင်းအဖွဲ့များကိုဆိုလိုခြင်း ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရှင်းအောင်ထပ်ပြီးမေးပါရစေ။ ဦးသိန်းညွန့် တင်ပြတဲ့ နိုင်ငံသား ဆိုတဲ့နေရာတွင်ဆိုတဲ့ စာသားနဲ့ ဦးဝင်းသန်း၊ သာပေါင်းမဲဆန္ဒနယ်မှ တင်ပြတဲ့ နိုင်ငံသားဆိုတဲ့ဆိုရာတွင် ဆိုတဲ့ဟာခုနက အစရန်ကော်မတီနဲ့ ဥပဒေရေးရာကော်မရှင်ရဲ့ ဆွေးနွေးမှုဟာဘယ်ဟာကိုအတည် ဖြစ်စေပါသလဲ။

**ဦးတီခွန်မြတ်(ဥက္ကဋ္ဌ၊ဥပဒေကြမ်းကော်မတီ)**။ ။ ဦးဝင်းသန်းရဲ့ အဆိုကို တင်ပြခြင်း အားဖြင့် အစောတုန်းက ကျွန်တော်တင်ပြခဲ့သလို နိုင်ငံသားလို့ဖော်ပြထားပေမယ့်လို့ ဒီနိုင်ငံသားလို့ ဖော်ပြထားခြင်းသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်ဆန့်ကျင်ပြီး ဖော်ပြထားခြင်း မဟုတ်ပါဘူး။ အဲဒီ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကိုရည်ညွှန်းပြီး ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒီဥပဒေဟာ စီးပွားရေးနှင့် သက်ဆိုင်တဲ့ ဥပဒေဖြစ်တဲ့အတွက် ပိုမိုပြည့်စုံအောင် နိုင်ငံသားများဖြင့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတွေအားလုံး ပိုမိုပြည့်စုံအောင် တင်ပြထားခြင်းပဲဖြစ်ကြောင်း တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် အခုတင်ပြချက်နဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ရှိပါသလား။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဆွေးနွေးဖို့ရှိပါတယ် ဥက္ကဋ္ဌကြီး။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနကဥပဒေကြမ်းကော်မတီနဲ့ ကော်မရှင်ရဲ့ တင်ပြချက်ကသက်မဲ့ ဖြစ်တဲ့ စီးပွားရေးအဖွဲ့အစည်းနဲ့ ကုမ္ပဏီတွေကိုဆိုလိုတာပါ။ ကျွန်တော်တင်ပြထားခဲ့တာက မြန်မာ

နိုင်ငံသားဥပဒေမှာက ပြဋ္ဌာန်းထားတဲ့အခါမှာ ရှင်းရှင်းလင်းလင်းကို ပြဋ္ဌာန်းထားပါတယ်။ ဒါက ဘာလဲဆိုတော့ ပုဒ်မ ၂ မှာ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကိုဆိုသည်။ နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံသားမဟုတ်သူသို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူသို့မဟုတ် နိုင်ငံသား ဖြစ်ခွင့်မရသောသူကိုဆိုလိုသည်။ အဲဒီတော့ ဥပဒေအရရှင်းရှင်းလင်းလင်းပြထားတဲ့ အတိုင်းကို ဒီဟာ စီးပွားရေးဥပဒေဆိုလို့ရှိရင် နည်းဥပဒေမှာထည့်လိုက်ပါ။ နည်းဥပဒေမှာထည့် လိုက်ရင် ဒါသက်ရှိမှာ ပြဋ္ဌာန်းထားတာနဲ့ သက်မဲ့ကုမ္ပဏီတွေကို ပြဋ္ဌာန်းချက် ကွဲသွားပါမယ်။ ပြီးတော့ ကျွန်တော်တို့မူလနိုင်ငံသား ဥပဒေရဲ့ခိုင်မာမှုကိုလည်း ပိုပြီးတော့ ကျွန်တော်တို့ ထိန်းသိမ်းရာကျမယ်။ နောက် ခုနက စောစောက ပြောတဲ့အတိုင်း ဥပဒေချင်းပဋိပက္ခမပေါ်ပေါက်ပါဘူး။ ယနေ့ မြန်မာနိုင်ငံသားဥပဒေဆိုတာ နိုင်ငံသားဆိုတာ နိုင်ငံသားဥပဒေမှာဒီလိုဆိုပါတယ်။ ဒီရင်းနှီးမြှုပ်နှံမှု ဥပဒေမှာ ဒီလိုဆိုပါတယ်ဆိုပြီးတော့ အဓိပ္ပာယ်နှစ်မျိုးသက်ရောက်သွားပါတယ်။ အဲဒါကြောင့် နည်းဥပဒေမှာထည့်ရင်ရော ဘာဖြစ်သလဲ။ သက်မဲ့သတ္တဝါတွေကို ကုမ္ပဏီတွေ၊ အဖွဲ့အစည်းတွေက သက်မဲ့သတ္တဝါတွေပါ။ အဲဒါတွေကို စီးပွားရေးအမြင်တစ်ခုတည်းနဲ့ ကြည့်ပြီးလုပ်မယ်ဆိုရင်တောင် နည်းဥပဒေမှာပဲထည့်သင့်ပါတယ်။ ကျန်တာကတော့ အစောပိုင်းကျွန်တော်တင်ပြထားတဲ့ဟာတွေက မြန်မာနိုင်ငံသားဥပဒေအရ ပုဒ်မ ၂ ပါ ဖွင့်ဆိုချက် ပြဋ္ဌာန်းချက်ကို လေးစားလိုက်နာရမယ်လို့ ယုံကြည်တဲ့အတွက် ကျွန်တော်ကတော့ မူလ ဒီအပိုဒ်တွေကို နည်းဥပဒေပဲဖြုတ်ပါလို့ ထပ်မံ တင်ပြပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် စာမျက်နှာ ၁ အမှတ်စဉ် ၂ နှင့် ၃ အား လွှတ်တော်ရဲ့ ပြင်ပမှာ ဦးသိန်းညွန့်၊ ဥပဒေကြမ်းကော်မတီ၊ ဥပဒေကော်မရှင် ဆွေးနွေးပြီးတော့ ညှိနှိုင်းဖြေလို့ရတဲ့ဟာကို မနက်ဖြန်မှာတင်ပြဖို့ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃၆ ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံမှုကော်မတီက တင်ပြဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်သိမ်း(ရင်းနှီးမြှုပ်နှံမှုကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဖြည့်စွက်တင်ပြခြင်းဖြစ်ပါတယ်။ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုများဟာ ဒီနိုင်ငံသားများနှင့် ဖက်စပ်လုပ်ကိုင်တဲ့ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ၁၀ အပိုဒ် ၂ မှာ ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းပါက နိုင်ငံခြားမတည်ငွေသည် စုစုပေါင်းငွေကြေး၏ ၃၅ ရာခိုင်နှုန်း အနည်းဆုံးပါဝင်ရမည်ဟု တင်ပြထားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြည့်စွက်

တင်ပြလိုတာက နိုင်ငံခြားမတည်ငွေရင်း ရာခိုင်နှုန်းအပြည့်လုပ်ကိုင်ခွင့်မရှိသော ကန့်သတ် ထားသည့် လုပ်ငန်းများတွင် ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းခွင့်ရပါက နိုင်ငံခြားမတည်ငွေရင်းသည် စုစုပေါင်း မတည်ငွေရင်းအများဆုံး ၄၉ ရာခိုင်နှုန်းဖြစ်ရမည်ဟု ဖြည့်စွက်ရခြင်း ဖြစ်ပါတယ်။ ဆိုလိုတာက အနည်းဆုံး ၃၅ ရာခိုင်နှုန်းခွင့်ပြုပြီး အများဆုံး ၄၉ ရာခိုင်နှုန်း ကန့်သတ်ထားတဲ့အနေနဲ့ ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့သဘောထားပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ သဘောတူပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်ဆွေးနွေးရန် ရှိပါသလား။ ကန့်ကွက်ဆွေးနွေးရန် မရှိတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုကော်မတီရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကိုယ်စားလှယ်တစ်ဦး**။ ။ အခုတင်ပြချက်က ကျွန်တော်တို့ ဒါ ဥပဒေ (က)(၄) ဖြစ်ပါတယ်။ ဒီ (က)(၄)ကို (က)(၂)မှာ ပြန်ပြီးတော့ ဒီဟာအစားထည့်ပေးဖို့။ (က)(၂) က ပယ်ဖျက်ပြီးတော့ ဒါအစားထည့် ပေးဖို့ဖြစ်ပါတယ်။ အဲဒါလေး ပြင်ဆင်ပေးဖို့အတွက် တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ (က) အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒီအပိုဒ်က (က) (၄)

**ကိုယ်စားလှယ်တစ်ဦး**။ ။ (က) (၄) ဖြစ်ပါတယ်။ ကျွန်တော်တို့ (က)(၂)ကို ပယ်ဖျက်ပြီး တော့ ၃၅ နှင့် ၄၉ ကိုပြင်တာဖြစ်တဲ့အတွက် (က)(၂) နေရာမှာ (က)(၄)ကို ပြန်ပြီးတော့ နေရာရွှေ့ပြီးတော့ ပြင်ပေးဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ခုနက ပြင်ဆင်ရန်အဆိုပြုချက်ကို ပြောတာမဟုတ်ဘဲနဲ့ ဒီပုဒ်မ၊ ပုဒ်မခွဲကိုပဲဖြည့်စွက်ဖို့ဆိုတဲ့ဟာဖြစ်ပါတယ်။

**ကိုယ်စားလှယ်တစ်ဦး**။ ။ မှန်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ (က)(၂)မှာဖော်ပြထားတာက မတည်ငွေ ရင်း၏ အနည်းဆုံး ၃၅ ရာခိုင်နှုန်းဖြစ်ရမည်လို့ (က)(၂) မှာဖော်ပြထားပါတယ်။ အဲဒီအပိုဒ်အစား ကျွန်တော်တို့ အခု အပိုဒ် ၄ အပိုဒ်ခွဲ(က)အပိုဒ်ခွဲငယ်(၄)ကို ကျွန်တော်တို့ မတည်ငွေရင်း၏ အနည်းဆုံး ၄၉ ရာခိုင်နှုန်းဖြစ်ရမည်လို့ ပြောင်းလဲပြီးတော့ အဆိုပြုတာ ဖြစ်တဲ့အတွက် (က)(၂)က နေရာမှာ (က)(၄) ကနေ (က)(၂) ကိုထည့်ပေးဖို့ ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်လို့ အစိုးရအဖွဲ့ရဲ့ သဘောထားသီးခြားရှိက ပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ကျွန်တော်တို့ (က) (၂) က နိုင်ငံခြားမတည်ငွေရင်းဟာ စုစုပေါင်းငွေရင်းရဲ့ အနည်းဆုံး ၃၅ ရာခိုင်နှုန်းလို့ ဆိုလိုခြင်းဖြစ်ပါတယ်။ နောက် အခုထပ်တိုးတဲ့ဥစ္စာ အများဆုံး ၄၉ ရာခိုင်နှုန်းလို့ သတ်မှတ်တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ခုဟာ အဓိပ္ပာယ်တစ်မျိုးစီဖြစ်ပါတယ်။ သူက ၃၅ ရာခိုင်နှုန်းကနေ ပြီးတော့ ၄၉ ရာခိုင်နှုန်းထိ ထည့်ဝင်နိုင်တယ်လို့ ဆိုလိုတာဖြစ်ပါတယ်။ ဒါကြောင့် ဒီအတိုင်းပဲထား သင့်ပါတယ်။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ အခုတင်ပြချက်က ဥပဒေ (က) ၄ ဖြစ်ပါတယ်။ (က) ၄ ကို (က) ၂ မှာ ပြန်ပြီးတော့ အစားထည့်ပေးဖို့ပါ။ (က) ၂ က ပယ်ဖျက်ပြီးတော့ အစားထည့်ပေးဖို့ ဖြစ်ပါတယ်။ အဲဒါလေး ပြင်ဆင်ပေးဖို့အတွက် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ (က) အသစ်ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ဒီအပိုဒ်က (က) ၄

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ (က) ၄ ဖြစ်ပါတယ်။ (က) ၂ ကို ပယ်ဖျက်ပြီးတော့ ၃၅ နှင့် ၄၉ ကိုသာ ပြင်တာ ဖြစ်တဲ့အတွက် (က) ၂ နေရာမှာ (က) ၄ ကို ပြန်ပြီးနေရာရွှေ့ပြီးတော့ ပြင်ပေးဖို့အတွက် တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ခုနက ပြင်ဆင်ရန်အဆိုပြုချက်ကို ပြောတာမဟုတ်ဘဲနှင့် ဒီပုဒ်မ၊ ပုဒ်မခွဲကိုပဲ ဖြည့်စွက်ဖို့ဆိုတာဖြစ်ပါတယ်။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ (က) ၂ မှာ ဖော်ပြထားတာက မတည်ငွေ၏ အနည်းဆုံး ၃၅ ရာခိုင်နှုန်းဖြစ်ရ မည်လို့ ဖော်ပြထားပါတယ်။ အဲဒီအပိုဒ်အစား အပိုဒ် ၄ (က)၄ ကို မတည်ငွေရင်း၏ အများဆုံး ၄၉ ရာခိုင်နှုန်း ဖြစ်ရမည်ဟု ပြောင်းလဲပြီးတော့အဆိုပြုတာ ဖြစ်တဲ့အတွက် (က)၄ ကနေ (က) ၂ ကို ထည့် ဖို့တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါနှင့်ပတ်သက်လို့ အစိုးရအဖွဲ့ရဲ့ သဘောထား သီးခြားရှိက ပြောပါ။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ ကျွန်တော်တို့ (က)၂ က နိုင်ငံခြားမတည်ငွေရင်းဟာ စုစုပေါင်းငွေရင်းရဲ့ အနည်းဆုံး ၃၅ ရာခိုင်နှုန်းဆိုလိုခြင်း ဖြစ်ပါတယ်။ နောက်အခုထပ်တိုးတဲ့အခါက အများဆုံး ၄၉ ရာခိုင်နှုန်းလို့ သတ်မှတ်တာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်ခုဟာ အဓိပ္ပာယ်တစ်မျိုးစီ ဖြစ်ပါတယ်။ သူက ၃၅ ရာခိုင်နှုန်းကနေပြီးတော့ ၄၉ ရာခိုင်နှုန်းအထိ ထည့်ဝင်နိုင်တယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအတိုင်းပဲ ထားသင့်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်သိမ်းအနေနဲ့ ဘာများထပ်ပြီးတော့ ဆွေးနွေးစရာရှိသလဲ။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မူလတုန်းက အနည်းဆုံး ၃၅ ရာခိုင်နှုန်းဆိုတော့ ၃၅ ရဲ့အထက်ကို သူက အများကြီးသွားနိုင်တဲ့သဘောရှိပါတယ်။ အဲဒီတော့ အဲလို မသွားနိုင်ဖို့အတွက် ၄၉ ရာခိုင်နှုန်းဆိုပြီးတော့ အများဆုံး ၄၉ ရာခိုင်နှုန်း နိုင်ငံသားနှင့်ဖက်စပ်လုပ်လို့ ရှိရင် ၅၁၊ ၄၉ ပဲ ဖြစ်ပါတယ်။ အရင်ကတော့ ၃၅ ရာခိုင်နှုန်း အနည်းဆုံးဆိုတော့ သူက ၆၅ ရာခိုင်နှုန်း အထိပါပြီးတော့ တိုင်းရင်းသားက ၃၅ အထိ ဖြစ်သွားနိုင်ပါတယ်။ ကျွန်တော်တို့က ၄၉ အထိ နိုင်ငံသား ကို အဲဒီအထိပဲ ခွင့်ပြုမယ်လို့ ပြင်ဆင်ပြီးတော့ တင်ပြထားခြင်းဖြစ်တဲ့အတွက် ဒါကို အတည်ပြုပေးဖို့ အတွက် တင်ပြခြင်းဖြစ်ပါတယ်။ နိုင်ငံခြားသားကို။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ပိုရှင်းအောင် မူလဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ဒေါင်လိုက် ဇယား၊ ဒေါင်လိုက်စာ ဒါလေးနဲ့ ရှင်းပြရင်ပိုကောင်းမယ်ထင်ပါတယ်။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ တင်ပြပါမယ်ခင်ဗျား။ အခန်း(၅) ရင်းနှီး မြှုပ်နှံမှုပုံစံ ပုဒ်မ ၁၀(က)၊ ပုဒ်မ ၉ အရရင်းနှီးမြှုပ်နှံမှုပြုရာတွင် ဒီနေရာမှာ အပိုဒ် ၁ က ပြီးသွားပါပြီ။ အပိုဒ် ၂ က ပုဒ်မ ၉ ပုဒ်မခွဲ (ခ)ပါ ဖက်စပ်လုပ်ငန်းအဖြစ်ဖွဲ့စည်းပါက နိုင်ငံခြားမတည်ငွေသည် စုစုပေါင်း မတည်ငွေရင်း၏ ၃၅ ရာခိုင်နှုန်း အနည်းဆုံးပါဝင်ရမည်လို့ ဖော်ပြထားပါတယ်။ ဒါနိုင်ငံခြား သားကို ၃၅ ရာခိုင်နှုန်းအနည်း ဆုံးဆိုတော့ ၃၅ ရာခိုင်နှုန်းအထက်အထိ ပါဝင်နိုင်တယ်လို့ ကန့်သတ် ချက်မရှိဘဲနှင့် ပေးထားတဲ့သဘောဖြစ်ပါတယ်။ အပိုဒ် ၄ မှာကျတော့ နိုင်ငံခြားမတည်ငွေရင်း ရာခိုင်နှုန်းပြည့် လုပ်ပိုင်ခွင့်မရှိသော ကန့်သတ်ထားသည့်လုပ်ငန်းများတွင် ဖက်စပ်လုပ်ငန်းအဖြစ် ဖွဲ့စည်းခွင့်ရပါက နိုင်ငံခြားမတည် ငွေရင်းသည် စုစုပေါင်း မတည်ငွေရင်း၏ အများဆုံး ၄၉ ရာခိုင်နှုန်း ဖြစ်ရမည်ဆိုတော့ သူ့ကို ၄၉ ရာခိုင်နှုန်းပေးတဲ့အနေအထားဖြစ်ပါတယ်။ ဒါကိုပြန်ပြီး နှစ်ခုဟာ ရှေ့နောက်မညီညွတ်တဲ့အတွက် အစားထိုးတဲ့စကားရပ်ရဲ့ မှားသွားလို့ပါ။ ပြုစုတာမှားတဲ့သဘောလေး ဖြစ်သွားတဲ့အတွက် ပြန်လည်ပြီးတော့ တင်ပြခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဒေါင်လိုက်မူလဥပဒေကြမ်းအခန်း(၅) ပုဒ်မ ၁၀ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)နေရာမှာ အခုတင်ပြတာက ပုဒ်မခွဲငယ်(၄)ကို ထည့်သွင်းဖို့လို အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအစိုးရအဖွဲ့က ဒီလိုဆိုရင် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ဘယ်လိုများ သဘောထားရှိပါသလဲလို့ မေးခြင်းဖြစ်ပါတယ်။

**သူရဦးသောင်းလွင်(အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်)**။ ။ အခုဒီလို အပိုဒ် ၂ ပိုဒ်ထည့်ထားခြင်းအားဖြင့် နိုင်ငံခြားသားသည် အနည်းဆုံး ၃၅ ရာခိုင်နှုန်းလောက်ပါရမယ်။ အများဆုံးတော့ ၄၉ ရာခိုင်နှုန်းတော့ပါရမယ်လို့ ဆိုလိုတာ ဖြစ်ပါတယ်။ ၃၅ ရာခိုင်နှုန်းဘာကြောင့် ထည့်ခိုင်းထားလဲ ဆိုလို့ရှိရင် တခြားနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုလာပြီးတော့ ၁ ရာခိုင်နှုန်း၊ ၂ ရာခိုင်နှုန်း

လောက်ပဲ နိုင်ငံခြားသားကထည့်ပြီးတော့ သူကအဲဒီမှာပြန်ပြီးတော့ ထွက်သွားတဲ့ အခါကျတော့ ပြည်တွင်းကလူတွေ ဒုက္ခရောက်ပြီးတော့ ကျန်ခဲ့တယ်။ ဒါကြောင့် သူရဲ့ commitment ကို လိုချင်လို့ ၃၅ ရာခိုင်နှုန်းဆိုပြီးတော့ နဂိုက သတ်မှတ်တာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ၃၅ ရာခိုင်နှုန်းဟာ ဆက်ပြီးတော့ ထားသင့်ပါတယ်လို့ တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။ ကျွန်တော်ရဲ့တင်ပြချက်မှာ နိုင်ငံခြားသားက ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လို့ရှိရင် အနည်းဆုံးဆိုတဲ့နေရာမှာ ငွေနှင့်ကန့်သတ်ထားပါတယ်။ အမေရိကန် ဒေါ်လာ ၅ သန်းဆိုတာ သူရဲ့ Miniman ကို ဝင်ရမယ့် ရာခိုင်နှုန်းကို ငွေအားဖြင့်လည်း ပြန်လည်ပြီးတော့ သတ်မှတ်ပေးထား တဲ့အတွက် သူရင်းနှီးမြှုပ်နှံမှု ဘယ်လိုပဲလုပ်လုပ်သူဟာ အမေရိကန်ဒေါ်လာ ၅ သန်းထည့်ဝင်ရမှာမို့ ဒီထက်ညီမျှတဲ့ အခြားပစ္စည်းတွေလည်းပါမယ်လို့ ငွေနှင့်ဒီလိုကန့်သတ်ပေးထားခြင်းဖြစ်ပါတယ်။ အမှန်က အပိုဒ် ၂ ကို အပိုဒ် ၄ နှင့်အစားထိုးတာ။

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့် လွှတ်တော်ဥက္ကဋ္ဌတော့ သဘောပေါက်ပါတယ်။ သို့ရာတွင် ဒီကိစ္စကိုလည်း သီးခြားလွှတ်တော်ပြင်ပမှာ ဆွေးနွေးပြီးတော့ အတည်ပြုချက်ရယူ၍ လွှတ်တော်ကို တင်ပြပါ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၆)ရက်မြောက်နေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့အတွက် အစည်းအဝေးကို ဒီမှာ ရပ်နားပြီး မနက်ဖြန်အစည်းအဝေးကို မနက်ဖြန် ၁၀း၀၀ အချိန်မှာ ပြုလုပ်မှာဖြစ်ပါကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၃၀ ။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၂၅)ရက်မြောက်နေ့ကို ၁၅း၃၀ နာရီအချိန်တွင် ရပ်နားပါသည်။**]**